yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၅)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (7-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ဒီမိုကရေစီဖော်ဆောင်ဖို့ နိုင်ငံသားတိုင်း မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## အာဆီယံဥက္ကဋ္ဌ၏မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အာဆီယံဥက္ကဋ္ဌ၏မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ညှိနှိုင်းခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone




ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၇ ရက်

## အယ်ဒီတာ့အာဘော်

# နိုင်ငံ့အကျိုး စွမ်းစွမ်းတမံထမ်းရွက်သူများကို မင်္ဂလာတရားနှင့်အညီ ချီးမြှင့်ဂုဏ်ပြု

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားသည် အဓိကကျသည်။ ထို့ပြင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများသည် ရေတိုလုပ်ငန်းမဟုတ် စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်နေရသည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည်။ ထို့ကြောင့် နယ်ပယ်ကဏ္ဍအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်သွားကြရမည်ဖြစ်သည်။

ထိုသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် စံနမူနာပြုပုဂ္ဂိုလ်များစွာ လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသူများ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ကြသူများ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသူများ၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် သံတမန်တာဝန်များကို ထူးချွန်စွာဆောင်ရွက်သူများ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့်အခြားသောပညာရပ်များတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သူများ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်ပြီး နိုင်ငံ့အကျိုးထမ်းရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို နိုင်ငံတော်က လေးစားတန်ဖိုးထား၍ နှစ်စဉ်နှစ်တိုင်း နေ့ကြီးရက်ကြီးများတွင် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည်။

၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ ၁၃ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဘွဲ့များဖြစ်ကြသည့် သီဟသူရဘွဲ့ရရှိသူ နှစ်ဦးနှင့် သူရဘွဲ့ရရှိသူ တစ်ဦး၊ သီရိပျံချီဘွဲ့ ၁၀ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ကိုးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၁၇ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ရှစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ ၁၁ ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်းလက်ရောက် ချီးမြှင့်အပ်နှင်းခဲ့သည်။

ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းသည် နိုင်ငံတော်အစိုးရက နိုင်ငံတော်အတွက် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူအားလုံး၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကိုတန်ဖိုးထား၍ မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်ခြင်းပင်ဖြစ်ပါသောကြောင့် ကောင်းမွန်သည့်အစဉ်အလာတစ်ရပ်ပင်ဖြစ်သည်။

ယခုနှစ် ၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင် ဘာသာသာသနာအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့၊ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့များ၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းမှာ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းအစဉ်အလာသည် မင်္ဂလာတရားတော်နှင့်ညီညွတ်သည့် အပြင် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံညီညွတ်သည့် အစဉ်အလာကောင်းတစ်ရပ်ပင်ဖြစ်ပါသောကြောင့် ထိုကောင်းမွန်သည့်အစဉ်အလာကို လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရမည်ဖြစ်သည့်အပြင် နိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်မျိုးဆက်များထဲမှ နိုင်ငံအတွက် ဂုဏ်ပြုချီးမြှင့်ထိုက်သူများစွာ ပေါ်ထွန်းလာပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၃၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၂၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြင်းမူမြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၁၃၅၃၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၂၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း(၈)၊ ရေဆင်း (၁၁) မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် စိန်ပန်းပင်ကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်နေမှု စစ်ဆေး

**ဝမ်းတွင်း ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဖလားကန်ကျေးရွာအုပ်စု စိန်ပန်းပင်ကျေးရွာ၌ မြေသားရေကန် တိုးချဲ့တူးဖော်နေမှုလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အလျားပေ ၁၂၀၊ အနံပေ ၁၂၀၊ အမြင့် လေးပေရှိ မြေသားရေကန် တိုးချဲ့တူးဖော်ခြင်း၊ အရှည်ပေ ၅၆၀၊ အမြင့်ငါးပေရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် လက်နှိပ်တုံကင်နှစ်စုံတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု အထွေထွေ ပိုလျှံရန်ပုံငွေကျပ် ၁၉ ဒသမ ၅၃ သန်းဖြင့် စိန်ပန်းပင်ကျေးရွာ၌ မြေသားရေကန် တိုးချဲ့တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက် စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မအူပင်မြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်ကို ဒေသထွက် ပေါ်ဆန်းဆန်တွေ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ မအူပင်မြို့နယ်ဘက်က ဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၃၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များကို တင်ပို့အားကောင်းနေခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ လုပ်ငန်းအဆင်ပြေလည်ပတ်လျက်ရှိကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (အထွေထွေပိုလျှံ) ရန်ပုံငွေဖြင့် နမ့်လန်းကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ နမ့်လန်းကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နမ့်လန်းကျေးရွာ၌ အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေ ရှိ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု(အထွေထွေပိုလျှံ) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# ငပုတောမြို့နယ် ကုလားချောင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်း

**ငပုတော ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုလားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်က ကုလားချောင်းကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်၍ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ကော်မတီဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ကုလားချောင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၇၉၂၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၇၉၂၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၂၂၄ ကေနှင့် ဖူးစားပြောင်း ၇၂၆ ကေ စုစုပေါင်းကေ ၇၉၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၇၂၂၆ ကေ၊ ဖူးစားပြောင်း ၇၀၁ ကေ စုစုပေါင်း ၇၉၂၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပြောင်းကေ ၇၉၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၇၉၂၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေအောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်း တစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၄ ဒသမ ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၃သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးပြေမပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးပြေမပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ငါးပြေမပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးပြေမပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ပြည်တွင်းရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားခဲ့ပါတယ်။ ပြီးခဲ့တဲ့လအတွင်း ငါးပြေမပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ပြီးခဲ့တဲ့လတွေကထက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလထဲမှာ ပိဿာချိန် တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာများပါတယ်။ အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမအမျိုးအစားကို ထပ်တိုးမွေးမြူလာကြကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မဟာသမန်းလင်မယားကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

**❖ မဟာသမန်းနှင့် သူ၏မယားသည် ထိလှုကုန်းအရပ်၌ သာသနိက အဆောက်အအုံများကို တည်ဆောက်ပြီးနောက် မြတ်ကြီးမဟာကဿပ၊ ဓမ္မသီရိနှင့် သုဘူတိစန်တို့ရှေ့မှောက်၌ ဘုရား၊ တရား၊ သံဃာကို ရည်မှန်းကာ လယ် ၂၀၇၂ ပယ်၊ ကျွန် ၇၆ ယောက်နှင့် ကျွဲ၊ နွား၊ ဆိတ် တိရစ္ဆာန်ကောင်ရေ ၇၀ ကိုလှူဒါန်း၍ ကျောက်စာရေးထိုး စိုက်ထူခဲ့သည်။ ထိုကျောက်စာကို ပုဂံမြို့ ငှက်ပစ်တောင်အရပ် ဝက်ကြီးအင်းချောင်းဖျား မဟာသမန်းကျောင်းတိုက် အနောက်တောင် ထောင့်မှရရှိ၍ ယခု မင်းနန်သူရွာ ရှင်အဇ္ဇဂေါဏဂူဘုရားအာရုံခံ အတွင်း စိုက်ထူထားသည်။ ❖**

ပုဂံခေတ်တွင် ရေးထိုးခဲ့သော ကျောက်စာအများစုတွင် ပါလေ့ရှိသည့် ဆုတောင်းစာနှင့် ကျိန်စာများကို ပုဂံခေတ်သုံးမြန်မာဘာသာစကားဖြင့်ရေးထိုးခဲ့ကြသည်။ သို့သော် ဆုတောင်းစာနှင့် ကျိန်စာကို ပါဠိဘာသာဖြင့် ထူးခြားစွာ ရေးထိုးထားသည့် ကျောက်စာသည် မဟာသမန်းလင်မယားကျောက်စာဖြစ်သည်။

မဟာသမန်းသည် ပုဂံဘုရင်ကျစွာမင်း (၁၂၃၅-၁၂၄၉) ၏ အမတ်တစ်ဦးဖြစ်ကာ ပုဂံသမိုင်းတွင် အထူးထင်ရှားခဲ့သူတစ်ဦး မဟုတ်ချေ။ သို့သော် အမတ် မဟာသမန်းသည် ပုဂံဒေသတွင် ရှင်အဇ္ဇဂေါဏဘုရားဟုထင်ရှားသည့် ဂူဘုရားနှင့် အခြားဂူဘုရားနှစ်ဆူကို တည်ဆောက်လှူဒါန်းခဲ့ကြောင်း အထောက်အထားများရှိခဲ့သည်။

ကျစွာမင်းနတ်ရွာစံပြီးနောက် ပုဂံထီးနန်းကို ဥစ္စနာမင်း(၁၂၄၉-၁၂၅၆)က ဆက်ခံခဲ့သည်။ ဥစ္စနာမင်းသည် ကျစွာမင်း၏ညီတော် နရသိင်္ဃဥစ္စနာနှင့် မိဖုရားဖွားစောတို့၏ သားတော်ဖြစ်သဖြင့် ကျစွာမင်းနှင့် တူအရီးတော်စပ်သူဖြစ်သည်။

ဥစ္စနာမင်း၏မယ်တော် မိဖုရားဖွားစောသည် မဟာသမန်း၏ နှမတော်ဖြစ်သောကြောင့် မဟာသမန်းသည် ဥစ္စနာမင်း၏ ဦးရီးတော်လည်းဖြစ်သည်။ မဟာသမန်းသည် တရုတ်ပြေးမင်း နရသီဟပတေ့(၁၂၅၆-၁၂၈၇) လက်ထက် ၁၂၅၈ ခုနှစ်တွင် အာမနာရပ် အနန္တသူကျောင်းတိုက် မြောက်ဘက်တွင် စားပွဲတင်ဘုရားကိုလည်းကောင်း၊ ၁၂၇၅ ခုနှစ်တွင် ပြဿတာအရှေ့တောကျောင်းအနီးတွင် ဂူဘုရားတစ်ဆူကိုလည်းကောင်း တည်ဆောက်လှူဒါန်းခဲ့သည်။ မဟာသမန်း၏အမည်သည် သမန္တဖြစ်သော်လည်း မဟာသမန်းဟုသာ ခေါ်ဝေါ်သုံးနှုန်းခဲ့ကြသည်။

**ပုဂံထိလှုကုန်းအရပ်ရှိ စေတီပုထိုးများ**

ထိလှုကုန်းသည် ပုဂံမြို့ဟောင်း၏ အရှေ့ဘက်အစွန်၌ တည်ရှိသည်။ ထိလှုကုန်းတွင် စေတီ၊ ပုထိုးများနှင့် ဘာသာရေးအဆောက်အအုံ ၂၉ ခုရှိရာ ရှင်အဇ္ဇဂေါဏဂူဘုရားသည် တစ်ဆူအပါအဝင်ဖြစ်သည်။

ထိလှုကုန်းရှိ အဆောက်အအုံ ၂၉ ခုသည် ၁၂၃၈ ခုနှစ်က တည်ဆောက်ခဲ့သည့် မဟာသမန်းကြီးကျောင်းတိုက်တွင် အဆောက်အအုံ လေးခု၊ ၁၂၅၅ ခုနှစ်က တည်ဆောက်ခဲ့သည့် သခင်စခီပိုရ်ကျောင်းတိုက်တွင် အဆောက်အအုံ နှစ်ခု၊ ၁၂၅၉ ခုနှစ်က တည်ဆောက်ခဲ့သည့် မဟာသမန်းကြီး၏သမီး စိုးမင်းကြီးကျောင်းတိုက်ဝန်းကျင်တွင် အဆောက်အအုံ ခုနစ်ခု၊ ၁၂၇၁ ခုနှစ်က တည်ဆောက်ခဲ့သည့် မင်းမယားစခီပိုရ်ကျောင်းတိုက်တွင် အဆောက်အအုံ နှစ်ခု၊ ၁၂၇၈ ခုနှစ်က တည်ဆောက်ခဲ့သည့် အမတ်ကြီးစတုရင်္ဂဗိဇယ်ကျောင်းတိုက်တွင် အဆောက်အအုံ လေးခု၊ ငါးမျက်နှာဂူဘုရား ပရိဝုဏ်တွင် အဆောက်အအုံ ခုနစ်ခုနှင့် ပြာသာဒ်လှဘုရားပရိဝုဏ်တွင် အဆောက်အအုံ သုံးခုဖြစ်သည်။ ထိုအဆောက်အအုံများကို ၁၂၃၈ ခုနှစ်မှ ၁၂၇၈ ခုနှစ်ကြား နှစ် ၄၀ ကာလအတွင်း တည်ဆောက်ခဲ့ကြောင်း သမိုင်းပညာရှင် ဦးနီတွတ်က ဖော်ထုတ်တင်ပြခဲ့သည်။

ထိလှုကုန်းအရပ်တွင် ကျောက်စာတိုင် ခုနစ်တိုင်ရှိသည့်အနက် မူလထိုးကျောက်စာတိုင် ငါးတိုင်ရှိပြီး ဆင့်ထိုးကျောက်စာတိုင် နှစ်တိုင်ရှိကြောင်းကိုလည်း သမိုင်းပါမောက္ခအငြိမ်းစား ဆရာဦးနီတွတ်ကပင် စုစည်းဖော်ပြခဲ့သည်။

**ရှင်အဇ္ဇဂေါဏဂူဘုရား**

ကျစွာမင်းလက်ထက် သက္ကရာဇ် ၅၉၉ ခုနှစ် နတ်တော်လဆုတ် ၅ ရက်(၁၂၃၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်) ဗုဒ္ဓဟူးနေ့တွင် အမတ် မဟာသမန်းနှင့် မယားသည် သာသနိကအဆောက်အအုံများဖြစ်သည့် ဂူဘုရား၊ ဘုန်းကြီးကျောင်း၊ တရားဟောဇရပ်နှင့် စင်္ကြံလမ်းတို့ကို တည်ဆောက်လှူဒါန်းခဲ့သည်။

ပညာရှင်များက မဟာသမန်းနှင့်မယား တည်ခဲ့သည့် ဂူဘုရားသည် ရှင်အဇ္ဇဂေါဏဂူဘုရား (ပုဂံဘုရားအမှတ်-၅၈၈) ဖြစ်နိုင်သကဲ့သို့ ဘုန်းကြီးကျောင်းသည် ထိုဂူဘုရား၏ မြောက်ဘက်တွင် ကပ်လျက်တည်ရှိသည့် နှစ်ထပ်ကုလားကျောင်း (ပုဂံဘုရားအမှတ်-၅၈၉) ဖြစ်မည်ဟု ယူဆကြသည်။ တရားဟောဇရပ်သည် ထိုကုလားကျောင်း၏ အရှေ့ဘက်တွင် ကပ်လျက်ရှိသည့် အဆောက်အအုံဖြစ်၍ ဂူဘုရားနှင့် ကုလားကျောင်းကို ဆက်သွယ်ထားသည့်လမ်းသည် မဟာသမန်းလှူဒါန်းခဲ့သည့် စင်္ကြံလမ်းဖြစ်မည်ဟု မှန်းဆရသည်။

ရှင်အဇ္ဇဂေါဏဘုရားဟု ထင်ရှားသည့် ဂူဘုရားကို အမတ်မဟာသမန်းဇနီးမောင်နှံက တည်ခဲ့သော်လည်း မူလက ဘုရားအမည်မရှိခဲ့ချေ။ ကျောက်စာဝန်မစ္စတာတော်စိန်ခိုသည် ဖွားစောရွာသူကြီး ဦးထွန်းဦးနှင့်အတူ ပုဂံဒေသတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများကို လိုက်လံကြည့်ရှုပြီး ဂူဘုရားများကို အမည်ပေးခဲ့ရာ မဟာသမန်းဇနီးမောင်နှံ တည်ခဲ့သည့် ဂူဘုရားသို့ရောက်ရှိစဉ် အုတ်ကျောင်းအတွင်း၌ အင်္ဂရိတ်ထိုးရာတွင်အသုံးပြုသည့် လုံအကွဲများကို အများအပြားတွေ့ရှိခဲ့သည်။ ထိုအချိန်တွင် ဦးထွန်းဦးက "ပုဂံခေတ်က အင်္ဂရိတ်ဆရာ ရှင်အဇ္ဇဂေါဏများ နေသွားသလား"ဟု ဟာသဉာဏ်ရွှင်ကာ ပြောဆိုခဲ့ရာမှ ရှင်အဇ္ဇဂေါဏဂူဘုရားဟု အမည်ဖြစ်ပေါ်ခဲ့ကြောင်း စာရေးဆရာ ပုဂံသုတေသီ ဦးဗိုကေက ရေးသားခဲ့သည်။

ထိုအချိန်မှစ၍ ရှင်အဇ္ဇဂေါဏဂူဘုရားသည် ပုဂံနှုတ်ပြောရာဇဝင်တွင် ထင်ရှားသည့် ထွက်ရပ်ပေါက် အင်္ဂရိတ်ဆရာ ရှင်အဇ္ဇဂေါဏကို ယုံကြည်ကိုးကွယ်သူများကြားတွင် အထူးထင်ရှားခဲ့ကာ အုတ်တိုက်တွင် မူလကမရှိခဲ့သည့် ရှင်အဇ္ဇဂေါဏနှင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တချို့၏ရုပ်တုများကို ထားရှိခဲ့ကြသည်။

**မဟာသမန်းလင်မယားကျောက်စာ**

မဟာသမန်းနှင့် သူ၏မယားသည် ထိလှုကုန်းအရပ်၌ သာသနိကအဆောက်အအုံများကို တည်ဆောက်ပြီးနောက် မြတ်ကြီးမဟာကဿပ၊ ဓမ္မသီရိနှင့် သုဘူတိစန်တို့ရှေ့မှောက်၌ ဘုရား၊ တရား၊ သံဃာကို ရည်မှန်းကာ လယ် ၂၀၇၂ ပယ်၊ ကျွန် ၇၆ ယောက်နှင့် ကျွဲ၊ နွား၊ ဆိတ် တိရစ္ဆာန်ကောင်ရေ ၇၀ ကိုလှူဒါန်း၍ ကျောက်စာရေးထိုးစိုက်ထူခဲ့သည်။

ထိုကျောက်စာကို ပုဂံမြို့ ငှက်ပစ်တောင်အရပ် ဝက်ကြီးအင်းချောင်းဖျား မဟာသမန်းကျောင်းတိုက် အနောက်တောင်ထောင့်မှရရှိ၍ ယခု မင်းနန်သူရွာ ရှင်အဇ္ဇဂေါဏဂူဘုရားအာရုံခံအတွင်း စိုက်ထူထားသည်။ ထိုကျောက်စာသည် ဂူဘုရား၏အုတ်ခုံ ကျောက်စာကျောက်လှေကားအရှေ့တောင်ဘက်တွင် ကျောက်စာဂူ၌ရှိခဲ့သော်လည်း ကျောက်စာရုံပျက်စီးသွားချိန်တွင် ကျောက်စာကို ဂူဘုရားအတွင်းသို့ ရွှေ့ပြောင်းခဲ့သည်။

မဟာသမန်း လင်မယားကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်ပြီး စာကြောင်း ၃၃ ကြောင်း ပါရှိသည်။

ကျောက်စာကို နမောဗုဒ္ဓါယ အစချီသည့် ပါဠိဘာသာစာကြောင်း ခြောက်ကြောင်းဖြင့် အစချီထားသည်။ ထိုပါဠိစာသားများကို ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီးကျောင်းတိုက်မှ အရှင်ဣန္ဒာစာရက "အရိမဒ္ဒနပူရပြည်ကို အစိုးရသော ဂြိတြိဘုဝနာဒိတျာ ပဝရ ပဏ္ဍိတဓမ္မရာဇာထံတွင် အလုံးစုံသော အမှုကိစ္စတို့ကိုစီရင်ရသော အမတ်ကြီး မဟာသမန္တသည် စည်းစိမ်ဥစ္စာကိုတောင့်တသော၊ သဒ္ဓါ၊ သီလ၊ အာစာရ စသည့်ဂုဏ်တို့နှင့် ပြည့်စုံသော မယားနှင့် တိုင်ပင်၍ ပုဂံပြည်အရှေ့၊ ပူပြင်းသောအရပ်၌ အရိပ်အာဝါသခြံရံပြီး တံတိုင်းကာရံ၍ တံခါးမုခ်ပေါက်ရှိသော တောကျောင်းကိုဆောက်လုပ်လှူဒါန်းသည်"ဟု မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

ပါဠိဘာသာဖြင့် ပထမစာကြောင်းတွင် ဘုရားရှင်သာသနာနှစ် ၁၇၀၀ ကို ၉၆ နှစ် လွန်သည့်အချိန် (ဆနဝုတုတ္တရ သတ္တသတာဓိကေ ဝဿ သဟဿေ) ဟု ရေးထိုးထားခြင်းသည် သာသနာတော်နှစ် ၁၇၉၆ ခုနှစ်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် မြန်မာကောဇာသက္ကရာဇ်ကို ၁၁၈၂ ပေါင်းလျှင် သာသနာတော်နှစ်ကို ရရှိသဖြင့် ကျောက်စာရေးထိုးသည့် ၅၉၉ ခုနှစ်သည် သာသနာတော်နှစ် ၁၇၈၁ နှစ်ဖြစ်ရာ ကျောက်စာတွင်ပါရှိသည့် သာသနာတော်နှစ်သည် ၁၅ နှစ် စောနေကြောင်း သတိပြုနိုင်သည်။ ဆရာဦးငြိမ်းမောင်ရေးကူးသည့် မဟာသမန်းလင်မယားကျောက်စာတွင် ကျောက်စာထိပ်၌ သာသနာ ၁၇၉၆ ခုနှစ်ဟုပင် ဖော်ပြထားသည်။

ကျောက်စာရေးထိုးသည့်ရက်ကို သက္ကရာဇ် ၅၉၉ ခုနှစ် အာသိန်နှစ် နတ်တော်လဆုတ် ၅ ရက် ဗုဒ္ဓဟူးနေ့ဟု ဖော်ပြကာ မဟာသမန်းလင်မယားက ရတနာသုံးပါးကို ရည်ရွယ်၍ ဂူကျောင်း၊ ဓမ္မသာ၊ စင်္ကြံတို့ကို ပြုကြောင်း ရေးထိုးထားသည်။ ထို့နောက် မြတ်ကြီး မဟာကဿပ၊ ဓမ္မသီရိ၊ သုဘူတိစန်တို့ ရှေ့မှောက်၌ ဘုရား၊ တရား၊ သံဃာအား လှူဒါန်းသော အလှူစာရင်းကို အသေးစိတ်ဖော်ပြထားသည်။

ကျောက်စာတွင် ရေးထိုးထားသည့် စာသားများအရ မဟာသမန်းလှူဒါန်းခဲ့သည့် ကျွန် ၇၆ ယောက်သည် ယောက်ျားအယောက် ၄၀ နှင့် မိန်းမ ၃၆ ယောက်ဖြစ်သည်။ ထိုကျွန်များသည် မိသားစု ၁၂ စုမှ ကျွန် ၆၈ ယောက်နှင့် မိသားစုမဟုတ်သူ ရှစ်ယောက်တို့ဖြစ်ကြသည်။

အလှူစာရင်းတွင် နွားကောင်ရေ ၃၀၊ ကျွဲကောင်ရေ ၃၀၊ ဆိတ်ကောင်ရေ ၁၀ ကောင် ပါဝင်ခဲ့ရာ တိရစ္ဆာန်ကောင် ရေ ၇၀ ဖြစ်သဖြင့် ကျွန်တစ်ယောက်လျှင် တိရစ္ဆာန်တစ်ကောင် ထိန်းကျောင်းရမလားဟု ထင်ရပေသည်။

အိမ်ထောင်စု ၁၂ စုနှင့် တိရစ္ဆာန်အကောင် ၇၀ ကို အချိုးမှန်းဆကြည့်လျှင် ကျွဲကောင်ရေ ၃၀၊ နွားကောင်ရေ ၃၀၊ ဆိတ် ၁၀ ကောင်ဖြစ်သဖြင့် အိမ်ထောင်စု ၁၀ စုအတွက် တစ်အိမ်ထောင်လျှင် ကျွဲ သုံးကောင်၊ နွား သုံးကောင်၊ ဆိတ် တစ်ကောင်ကိုခွဲဝေပေးခဲ့ဟန်ရှိကြောင်း ယူဆနိုင်ဖွယ်ဖြစ်သည်။

မဟာသမန်းလင်မယားသည် လယ် ၂၀၇၂ ပယ်ကိုလှူဒါန်းရာတွင် ဘုရားနှင့်တရားအတွက် ၂၁၂ ပယ်၊ ထေရ်အတွက် ပယ် ၅၀၊ သံဃာအတွက် ၁၈၁၀ ပယ်ဟု သတ်မှတ်ခဲ့သည်။ ထိုလယ်များတည်ရှိသည့်နေရာများကို ကျောက်စာတွင် ရေးထိုးထားရာ မပင်စရအရပ် ပင်မြိုင်ရွာ အနောက်ဘက်တွင် ပယ် ၄၀၊ ကန်တူရွာတွင် ပယ် ၅၀၊ ရင်မပြာတွင် ပယ် ၁၀၀၊ ပန်ပုယ်တွင် ပယ် ၃၀၊ ကုခန်းအရပ်၊ လက်ပံမ်ရွာ၊ စတ်တိမ်တောင်စွယ် နှစ်ရပ်တွင် ပယ် ၂၀၀၊ ယတမိုက်တွင် ပယ် ၁၀၀၊ တနှောင်ကြည်အရပ်တွင် ၅၂ ပယ်၊ အညာခိပေရှင်အရပ်၊ ပန်ပယ်အင်လက်အကြားတွင် ပယ် ၁၅၀၀ ဖြစ်သည်။

**ဆုတောင်းစာနှင့် ကျိန်စာ**

မဟာသမန်းလင်မယားကျောက်စာတွင် အခြားသော ပုဂံကျောက်စာများကဲ့သို့ ဆုတောင်းစာနှင့် ကျိန်စာကို မြန်မာဘာသာဖြင့် မရေးထိုးဘဲ ပါဠိဘာသာဖြင့် ရေးထိုးခဲ့ခြင်းသည် ထိုကျောက်စာ၏ ထူးခြားမှုဖြစ်သည်။

ကျောက်စာ၏ နိဂုံးတွင် အမတ်သမန်းနှင့် မယားတို့သည် ဤကောင်းမှုကြောင့် သံသရာရေအလျဉ်တွင် မျောပါနေသူများကို ဆယ်တင်နိုင်သူဖြစ်ရပါလိုကြောင်း ဆုတောင်းခဲ့ခြင်းသည် ဘုရားဆုပန်ခြင်းပင်ဖြစ်ကြောင်း ဆရာတော် အရှင်ဣန္ဒာစာရကရှင်းပြခဲ့သည်။ မိမိအလှူကို အရေးတယူရှိကြသူများသည် မိမိနှင့်အတူ ရပါစေဟု ကောင်းမှုကိုမျှဝေသကဲ့သို့ ဖျက်ဆီးသောသူကား မြေကြီးအထဲ အဝီစိငရဲတွင် ကျက်စေဟုကျိန်ဆိုကာ ကျောက်စာကို အဆုံးသတ်ခဲ့သည်။

ကျောက်စာ၏ အောက်ဆုံးစာကြောင်း ၃၃ တွင် မဟာသမန်းမယားက ရတနာသုံးပါးအား လှူတ်သော မပင်စရအရပ်ဟုသာဖတ်ရပြီး ကျန်စာသားများက ပျက်နေသဖြင့် မဖတ်နိုင်ပါချေ။ စာအသွားအလာအရ အမတ်ကြီး၏ မယားသည် မပင်စရအရပ်၌ လယ်ပယ်များလှူဒါန်းခြင်းဖြစ်မည်ဟုသာ ခန့်မှန်းရပေသည်။

မဟာသမန်းလင်မယားကျောက်စာသည် အလှူမှတ်တမ်းထက် လက်ရှိအချိန်တွင် ရှင်အဇ္ဇဂေါဏဂူဘုရားဟု ထင်ရှားလျက်ရှိသည့် ဂူဘုရားတည်ဆောက်လှူဒါန်းမှု မှတ်တမ်းအဖြစ် ပိုမိုထင်ရှားခဲ့ပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ(ဦးငြိမ်းမောင်)**
- **ရှေးမြန်မာကျောက်စာ လေ့လာချက် အတွဲ (၄) (နီတွတ်)**
- **ပုဂံသုတေသနလမ်းညွှန်(ဦးဗိုကေ)**
- **Folk Elements in Burmese Buddhism (Maung Htin Aung)**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၄၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၄၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၅၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ မြေထောက်ပဲ ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေထောက်ပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးသလောက် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးသလောက်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ငါးသလောက် ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ငါးသလောက် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒီဇင်ဘာလအတွင်း ငါးသလောက်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်က လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀၀ မှ ၃၅၅၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ ဈေးနှုန်း အပြောင်းအလဲရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# နိုင်ငံချစ်စိတ်

\- ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
မြတ်နိုးလို့ ချစ်ခင်၊
ကိုယ့်နိုင်ငံ စာစကား
ပြောကြားနေ့စဉ်၊
မြတ်ဗုဒ္ဓ အဆုံးအမတွင်
ခံမင်ကာ ကျင့်ကြံပွား၊
ကိုယ့်နိုင်ငံ တိုးတက်ရေး
ရှေးရှုကြိုးစား။

\- ငါတို့သည် မြန်ပြည်သား
ဘိုးဘွားတို့ ပိုင်ရာမြေ၊
သားငါးရယ် သယံဇာတ
ကြွယ်ဝဌာနေ၊
ငါတို့ချစ် ငါတို့ပြည်
ငါတို့သည် စောင့်ရှောက်လို့၊
ကိုယ့်နိုင်ငံ ဂုဏ်အချင်း
ထွန်းလင်းစေဖို့။

\- နိုင်ငံကို ချစ်ကြစို့
သွေးချင်းတို့ များညီနောင်၊
တောင်ပေါ်ရယ် မြေပြန့်မခွဲ
လက်တွဲခုနောင်၊
ကိုယ့်လက်ထက် ကိုယ့်ပြည်ထောင်
ထွန်းတောက်အောင် ကြံဆောင်မနေး၊
နိုင်ငံတော် ချစ်စိတ်ကို
ထိပ်တန်းတင်ပေး။ ။

ချစ်သက်(မြန်မာစာ)

# ကလောမြို့နယ် လေးအိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ရဲကျေးရွာအုပ်စု လေးအိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးလက်နေပြည်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၄၈၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက လေးအိမ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# တောင်ကိုရီးယားသမ္မတနှင့် တရုတ်သမ္မတ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း ဇန်နဝါရီ ၆**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသည့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဇန်နဝါရီ ၅ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံကုန်သွယ်ရေးမြှင့်တင်ရန်နှင့် ဒေသတွင်းတည်ငြိမ်မှုကို ထိန်းသိမ်းရန် သမ္မတလီဂျေးမြောင်နှင့် သမ္မတရှီကျင့်ဖျင်တို့က ကတိကဝတ်ပြုခဲ့ကြကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် ၎င်း၏ တရုတ်ခရီးစဉ် ဒုတိယမြောက်နေ့တွင် သမ္မတရှီကျင့်ဖျင်နှင့် ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် ၎င်း၏ လေးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို ဇန်နဝါရီ ၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်အတွက် သမ္မတရာထူး စတင်ရယူခဲ့သည့် ၂၀၂၅ ခုနှစ် ဇွန်လနောက်ပိုင်း ပထမဆုံး တရားဝင် တရုတ်နိုင်ငံခရီးစဉ်ဖြစ်သည်။

ဇန်နဝါရီ ၅ ရက် ဆွေးနွေးပွဲတွင် တောင်ကိုရီးယားနှင့် တရုတ်ခေါင်းဆောင်များသည် ကိုရီးယားကျွန်းဆွယ်တင်းမာမှုများ လျှော့ချနိုင်ရေးအတွက် နည်းလမ်းများ ဆက်လက်ရှာဖွေရန် သဘောတူခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနယ်စပ်တွင် လက်နက်ကြီးကျည် ပေါက်ကွဲမှုဖြစ်ပွား

**ဗန်ကောက် ဇန်နဝါရီ ၆**

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်တွင် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှု ယနေ့ဖြစ်ပွားခဲ့ရာ ထိုင်းတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိမှုနှင့်စပ်လျဉ်း၍ ထိုင်းတပ်မတော်ဘက်က သတင်းထုတ်ပြန်မှုတစ်ရပ် ယနေ့တွင် ပြုလုပ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ယနေ့တွင် ကမ္ဘောဒီးယားတပ်များက နယ်စပ်ကိုကျော်၍ လက်နက်ကြီးပစ်ခတ်မှု ပြုလုပ်ခဲ့ရာ ထိုင်းတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းတပ်မတော်ဘက်က သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းရက် ၂၀ ကြာဖြစ်ပွားခဲ့သည့် နယ်စပ်ပဋိပက္ခများကို ရပ်တန့်ရေးအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူခဲ့ပြီး ၁၀ ရက်အကြာတွင် ထိုင်းနိုင်ငံ၏ ယခု သတင်းထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ကမ္ဘောဒီးယားတပ်မှ ပစ်ခတ်ခဲ့သော လက်နက်ကြီးကျည်မှာ ထိုင်းနိုင်ငံ အုဘွန်ရက်ချာသာနီ ပြည်နယ်အတွင်း ကျရောက်ခဲ့ရာ ထိုင်းတပ်ဖွဲ့ဝင်တစ်ဦး ကျည်စထိမှန်ဒဏ်ရာရခဲ့ကြောင်း ထိုင်းတပ်မတော်၏ အဆိုအရသိရသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစ၍ နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး ဒီဇင်ဘာ ၂၇ ရက်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူခဲ့သည်။

အဆိုပါ နယ်စပ်ပဋိပက္ခများအတွင်း နှစ်ဖက်ပြည်သူ ဦးရေ ၄၀ ကျော်သေဆုံး၍ ဦးရေ ၅၀၀၀၀၀ ကျော် အိုးအိမ်များစွန့်ခွာခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဗင်နီဇွဲလားပြဿနာဆိုင်ရာ အရေးပေါ်အစည်းအဝေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ကျင်းပ



**နယူးယောက် ဇန်နဝါရီ ၆**

ဗင်နီဇွဲလား ပြဿနာဆိုင်ရာ အရေးပေါ် အစည်းအဝေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ကိုလံဘီယာနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ဇန်နဝါရီ ၅ ရက်က ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတ နီကိုလပ်စ်မာဒူရိုကို အမေရိကန် တပ်မတော်က ဖမ်းဆီးခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံ၌ တည်ငြိမ်မှု ပိုမိုပျက်ပြားလာမည့်အရေးကို မိမိ စိုးရိမ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အဆိုပါ လုံခြုံရေးကောင်စီ အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဗင်နီဇွဲလားနိုင်ငံ၏ တည်ငြိမ်မှုပျက်ပြားခဲ့ပါက နိုင်ငံတစ်ဝန်း၌ အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း ကုလသမဂ္ဂ အကြီးအကဲက သတိပေးခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံကို အမေရိကန် အစိုးရက စစ်ရေးအရ တိုက်ခိုက်၍ သမ္မတမာဒူရိုကို ဖမ်းဆီးခဲ့မှုသည် မည်သည့်ဥပဒေနှင့်မျှ အကြောင်းပြချက်ပေး၍မရသည့် လုပ်ရပ်မျိုးဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးက ဇန်နဝါရီ ၅ ရက် လုံခြုံရေးကောင်စီ အစည်းအဝေး၌ ဝေဖန်ခဲ့သည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုကို နယူးယောက်မြို့ မင်ဟက်တန်ဖက်ဒရယ်တရားရုံး၌ ရုံးမထုတ်မီ နာရီအနည်းငယ်အလိုတွင် ဗင်နီဇွဲလားပြဿနာဆိုင်ရာ အရေးပေါ်အစည်းအဝေးကို လုံခြုံရေးကောင်စီက ကျင်းပခဲ့ခြင်း ဖြစ်သည်။

အမေရိကန် တပ်မတော်သည် သမ္မတဒေါ်နယ်ထရမ့်၏ ညွှန်ကြားချက်အရ ဇန်နဝါရီ ၃ ရက်တွင် ဗင်နီဇွဲလားနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်၍ သမ္မတ မာဒူရိုကို ဖမ်းဆီး ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဗင်နီဇွဲလားဒုတိယသမ္မတ ရိုဒရီဂက်ဇ် ယာယီသမ္မတအဖြစ် တရားဝင်ကျမ်းသစ္စာဆို

**ကာရာကက်စ် ဇန်နဝါရီ ၆**

ဗင်နီဇွဲလား ဒုတိယသမ္မတနှင့် ရေနံဝန်ကြီး ဒယ်လ်ဆီရိုဒရီဂက်ဇ်သည် ဇန်နဝါရီ ၅ ရက်တွင် ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် တရားဝင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန် တပ်မတော်က ဗင်နီဇွဲလားနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်၍ သမ္မတမာဒူရိုကို ဖမ်းဆီးခဲ့ပြီးနောက် ဒုတိယသမ္မတ ရိုဒရီဂက်ဇ်က ယာယီသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

ဗင်နီဇွဲလား ယာယီသမ္မတ ရိုဒရီဂက်ဇ်သည် သမ္မတမာဒူရို၏ အတွင်းစည်း လူယုံတော်များအနက် လက်တွေ့အကျဆုံးအဖြစ် ပစ်မှတ်ထားခံရသူဖြစ်သည်။

ဇန်နဝါရီ ၅ ရက်တွင် ယာယီသမ္မတ ရိုဒရီဂက်ဇ်နှင့်အတူ ၂၀၂၅ ခုနှစ်ကာလအတွင်း ရွေးကောက်တင်မြှောက်ခဲ့ရသည့် လွှတ်တော်အမတ် ၂၈၃ ဦးတို့လည်း ကျမ်းသစ္စာများ ကျိန်ဆိုခဲ့ကြကြောင်း သိရသည်။



နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် အစီအစဉ်များအတွက် ပူးပေါင်းဆောင်ရွက်ရန် ဗင်နီဇွဲလား ယာယီသမ္မတရိုဒရီဂက်ဇ်က ဇန်နဝါရီ ၄ ရက်တွင် အမေရိကန်နိုင်ငံကို ကမ်းလှမ်းထားသည်။

လက်ရှိတွင် ဗင်နီဇွဲလားသမ္မတ မာဒူရိုမှာ နယူးယောက်မြို့ မင်ဟက်တန် ဖက်ဒရယ်တရားရုံး၌ ၎င်းအပေါ်စွဲဆိုထားသည့် စွဲချက်များအတွက် စတင်တရားရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# နိုင်ငံရပ်ခြား၌ ကျဆုံးခဲ့သည့်တပ်ဖွဲ့ဝင်များအတွက် ဂူဗိမာန်တည်ဆောက်မှု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံးအန် သွားရောက်စစ်ဆေး

**ပြုံယမ်း ဇန်နဝါရီ ၆**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံးအန်သည် ပြည်ပ၌ ကျဆုံးခဲ့သည့် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များအတွက် တည်ဆောက်နေသည့် အထိမ်းအမှတ်ဂူဗိမာန်ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယူကရိန်းပဋိပက္ခ၌ ရုရှားတပ်များနှင့်အတူ ပါဝင်တိုက်ခိုက်ရန် ၂၀၂၄ ခုနှစ်အတွင်း မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့သည်။

ယူကရိန်းစစ်မြေပြင်၌ သေဆုံးခဲ့ရသည့် တပ်ဖွဲ့ဝင်ဦးရေကို မြောက်ကိုရီးယားအစိုးရက ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း တောင်ကိုရီး ယားနှင့် အနောက်အုပ်စုနိုင်ငံများက သေဆုံးသူနှင့် ဒဏ်ရာရသူ မြောက်ကိုရီးယားတပ်ဖွဲ့ဝင် ၆၀၀၀ ကျော်ထိ ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

နိုင်ငံရပ်ခြား စစ်မြေပြင်များ၌ ကျဆုံးခဲ့သည့် မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များအတွက် တည်ဆောက်နေသည့် အထိမ်းအမှတ် ဂူဗိမာန်ကို သွားရောက်စစ်ဆေးရာတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံးအန်နှင့်အတူ ၎င်း၏သမီး ဂျူအေးလည်း လိုက်ပါခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့သည် စစ်ရေးအရ အပြန်အလှန် ကာကွယ်ရေး သဘောတူညီချက် ရယူထားသော မဟာမိတ်နိုင်ငံများဖြစ်ကြသည်။

ယူကရိန်းစစ်မြေပြင်၌ ကျဆုံးခဲ့သည့် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များကို နိုင်ငံတော်အတွက် ပေးဆပ်ခဲ့ကြသည့် သူရဲကောင်းများအဖြစ် မြောက်ကိုရီးယား ခေါင်းဆောင်က ဂုဏ်ပြုထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဘဲနှုတ်သီးဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို နယူးမက္ကဆီကိုပြည်နယ်၌ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် ဇန်နဝါရီ ၆**

ဘဲနှုတ်သီး ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်သိပ္ပံပညာရှင်များက နယူးမက္ကဆီကိုပြည်နယ်၌ ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဒိုင်နိုဆောမျိုးစိတ်သစ်ကို Ahshislesaurus Wimani ဟူ၍ အမေရိကန် သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Ahshislesaurus Wimani ဘဲနှုတ်သီးဒိုင်နိုဆောများသည် လွန်ခဲ့သော နှစ်ပေါင်း ၇၅ သန်းခန့်က ယနေ့ခေတ် နယူးမက္ကဆီကိုပြည်နယ်၌ ရှင်သန်ကျက်စားခဲ့သော သက်ရှိများဖြစ်ကြသည်။

ဘဲနှုတ်သီး ဒိုင်နိုဆောများသည် ခရီတေးစီးယပ်စ်ဘူမိခေတ်၏ နောက်ဆုံးနှစ် သန်း ၂၀ အတွင်း ပေါ်ထွက်လာခဲ့ကြသည့် ဒိုင်နိုဆောများဖြစ်ကြကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ တွေ့ရှိချက်အရ Ahshislesaurus Wimani ဘဲနှုတ်သီးဒိုင်နိုဆောများသည် ကိုယ်ခန္ဓာအရွယ်အစား ၁၂ မီတာထိ ရှည်လျားသော သက်ရှိများ ဖြစ်ကြကြောင်း သိရသည်။

ဘဲနှုတ်သီးဒိုင်နိုဆောများသည် အသီးအရွက်စား ဒိုင်နိုဆောအုပ်စုတွင်ပါဝင်သည့် ဒိုင်နိုဆောများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## လူသားတို့၏ရှေးအကျဆုံးဘိုးဘေးမှာ လွန်ခဲ့သော နှစ်ပေါင်း ခုနစ်သန်းက ရှင်သန်ခဲ့ကြသည့် မျောက်ဝံမျိုးစိတ်တစ်မျိုးဖြစ်နိုင်

**ဝါရှင်တန် ဇန်နဝါရီ ၆**

လူသားတို့၏ ရှေးအကျဆုံးဘိုးဘေးမှာ လွန်ခဲ့သော နှစ်ပေါင်း ခုနစ်သန်းက ရှင်သန်ခဲ့ကြသည့် မျောက်ဝံမျိုးစိတ်တစ်မျိုးဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

Sahe Lanthropus Tchadensis ဟူ၍အမည်ပေးထားသော အဆိုပါ မျောက်ဝံမျိုးစိတ်သည် အခြားလူတူ ပရိုင်းမိတ်မျိုးစိတ်များထက် နှစ်ပေါင်း နှစ်သန်းစော၍ ခြေနှစ်ချောင်းဖြင့် လမ်းလျှောက်နိုင်ခဲ့သော ရှေးဦးပရိုင်းမိတ်များ ဖြစ်ကြကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ Sahe Lanthropus Tchadensis မျောက်ဝံများသည် ရှေးအကျဆုံး လူတူပရိုင်းမိတ်များ ဖြစ်နိုင်ပြီး ၎င်းတို့မှတစ်ဆင့် လူများ ဆင့်ကဲပေါ်ထွက်လာခြင်း ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Sahe Lanthropus Tchadensis လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းကို အာဖရိကတိုက်ရှိ ချက်သမ္မတနိုင်ငံ ဒီဂျူရက်ဒ် သဲကန္တာရဒေသ၌ ၂၀၀၂ ခုနှစ်တွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ခြေနှစ်ချောင်းဖြင့် လမ်းလျှောက်နိုင်သည့် ရှေးအကျဆုံး လူတူပရိုင်းမိတ်အဖြစ်သတ်မှတ်ခံထားရသည့် လူတူပရိုင်းမိတ်မှာ Ardipithecus လူတူပရိုင်းမိတ်ဖြစ်သည်။

Ardipithecus လူတူပရိုင်းမိတ်များသည် လွန်ခဲ့သည့်နှစ်ငါးသန်းနှင့် ခြောက်သန်းကြားကာလအတွင်းရှိခဲ့ဖူးသော လူတူပရိုင်းမိတ်များဖြစ်ကြသည်။

**Ref : Sputnik News**

**Trs : KKO**



## ၂၀၂၆ ခုနှစ်၏ ပထမဆုံးအာကာသမစ်ရှင်အဖြစ် အီတလီကမ္ဘာ့ဂြိုဟ် လေ့လာရေးဂြိုဟ်တုတစ်စင်းကို စပေ့စ်အိတ်ကုမ္ပဏီလွှတ်တင်



**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်၏ ပထမဆုံးမစ်ရှင်အဖြစ် အီတလီ ကမ္ဘာ့ဂြိုဟ်လေ့လာရေး ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာ့ဂြိုဟ်လေ့လာရေးဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းနယ်မြေပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကာ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူသယ်ဆောင်ထားသည့် ထိုဂြိုဟ်တုကို သတ်မှတ် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် ၃၈၅ မိုင်အကွာတွင် နေရာယူ၍ ကမ္ဘာ့ရာသီဥတုအခြေအနေများကို လေ့လာမည်ဖြစ်ပြီး ထိုမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီအတွက် ၂၀၂၆ ခုနှစ်၏ ပထမဆုံး မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကို HPV ဗိုင်းရပ်စ်ကာကွယ်ဆေးက ကာကွယ်ပေးနိုင်

**လန်ဒန် ဇန်နဝါရီ ၆**

Human Papillomavirus (HPV) ဗိုင်းရပ်စ်ကာကွယ်ဆေးများသည် သားအိမ်ခေါင်းကင်ဆာရောဂါကိုကာကွယ်ရာတွင် လွန်စွာထိရောက်မှုရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ HPV ကာကွယ်ဆေးများသည် အသက် ၁၆ နှစ်အရွယ် သို့မဟုတ် အသက် ၁၆ နှစ်မတိုင်မီ ထိုးနှံထားသည့် အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေကို ၈၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် HPV ကာကွယ်ဆေးများသည် အသက်ကြီးမှ ထိုးနှံခဲ့လျှင်ပင် အသည်းကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ဆဲဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

HPV ဗိုင်းရပ်စ်သည် အမျိုးသမီးများ၌ သားအိမ်ခေါင်းကင်ဆာရောဂါ ဖြစ်ပွားစေတတ်သည့် ဗိုင်းရပ်စ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

အမျိုးသမီးများကြား HPV ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံမှုနှုန်းကျဆင်းလာချိန်တွင် ဗြိတိန် သုတေသနရှင်များက ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

သုတေသနပညာရှင်များ၏ အဆိုအရ အွန်လိုင်းပေါ်တွင် သတင်းအချက်အလက်များပေါ်ထွက်လာမှုကြောင့် ၂၀၂၀ ပြည့်နှစ်မှစ၍ အမျိုးသမီးများကြား HPV ကာကွယ်ဆေးထိုးနှံမှုနှုန်းကျဆင်းလာကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အဆီဓာတ်များ၍ ကာဗိုဟိုက်ဒရိတ်နည်းပါး ဓာတ်စာများကြောင့် အသည်းကင်ဆာ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဇန်နဝါရီ ၆**

အဆီဓာတ်ပါဝင်မှု မြင့်မား၍ ကာဗိုဟိုက်ဒရိတ် နည်းပါးသော ဓာတ်စာများ စားသုံးမှုကြောင့် နှစ် ၂၀ အတွင်းအသည်းကင်ဆာရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဇန်နဝါရီ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကီတိုဓာတ်စာ(Keto Diet) ခေါ် ဓာတ်စာပုံစံများသည် ကိုယ်အလေးချိန်ကို လျင်မြန်စွာ လျှော့ချရေးအတွက် အထောက်အကူပြုကြောင်း အများက လက်ခံထားသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကီတိုဓာတ်စာများကြောင့် အသည်းဆဲလ်များတွင် အပြောင်းအလဲဖြစ်သွားနိုင်သည်။

အထက်ပါအပြောင်းအလဲကြောင့် အသည်းဆဲလ်များသည် ပိုလျှံအဆီဓာတ်များ၏ဖိအားဒဏ်ကို ခံနိုင်ရည်ရှိလာသော်လည်း ကင်ဆာဆဲလ်များအဖြစ် ပြောင်းလဲသွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆီဓာတ်ပါဝင်မှုမြင့်မားသည့် ဓာတ်စာများသည် Steatotic Liver Disease ခေါ် အသည်းရောဂါတစ်မျိုးနှင့်ပတ်သက်နေသည်။

အထက်ပါ အသည်းရောဂါသည် အသည်းအတွင်းပိုင်း၌ အဆီများ အလွန်အကျွံစုစည်းမှုကြောင့် ဖြစ်ပွားတတ်သောရောဂါဖြစ်ပြီး ၎င်းရောဂါဖြစ်ပွားပါက အသည်း ပျက်စီးသွားနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ချဲလ်ဆီးအသင်းက စထရာဘော့အသင်းနည်းပြ ရိုစီနီယာကို နည်းပြသစ်ခန့်အပ်

လန်ဒန် ဇန်နဝါရီ ၆

ချဲလ်ဆီးအသင်းသည် နည်းပြ မာရက်စ်ကာကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် စထရာဘော့အသင်း နည်းပြရိုစီနီယာကို ၂၀၃၂ ခုနှစ်ထိ ကာလရှည်စာချုပ် ချုပ်ဆိုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

နည်းပြ မာရက်စ်ကာသည် အသင်းမှုဝါဒနှင့် ပတ်သက်၍ ချဲလ်ဆီးအသင်း ပိုင်ရှင်များနှင့် ဆက်ဆံရေး အဆင်မပြေမှုများ ရှိခဲ့သဖြင့် ဇန်နဝါရီ ၁ ရက်က ရာထူးမှ ဖယ်ရှားခံရပြီး အသင်း တာဝန်ရှိသူများက အကျိုးတူ ပူးပေါင်းထားသည့် လီဂူးဝမ်းကလပ် စထရာဘော့အသင်းမှ ရိုစီနီယာကို နည်းပြသစ်ခန့်အပ်၍ ကာလရှည် စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်း၏ လက်ထောက်နည်းပြ နှစ်ဦးကိုပါ ခေါ်ယူခဲ့သည်။

အသက် ၄၁ နှစ်ရှိ ရိုစီနီယာသည် စထရာဘော့အသင်းကို ၂၀၂၄ ခုနှစ်က စတင်တာဝန်ယူခဲ့ရာ ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းကို အမှတ်ပေးဇယား အဆင့်(၇)နေရာ သို့ပို့ဆောင်ခဲ့ပြီး ဥရောပြိုင်ပွဲဝင်ခွင့် ရခဲ့ကာ ယခုရာသီတွင်လည်း အသင်းကို ရလဒ်ကောင်းများရယူ ပေးထားသဖြင့် ချဲလ်ဆီးအသင်းက နည်းပြရိုစီနီယာ၏ နည်းစနစ်ပိုင်း ကိုသဘောကျခဲ့ပြီး ခြောက်နှစ်ခွဲ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြသစ် ရိုစီနီယာသည် အသင်းကို အက်ဖ်အေဖလား တတိယပွဲစဉ်အဖြစ် ချာလ်တန် အသင်းနှင့်ပွဲစဉ်အပြီး လေးရက် အကြာတွင် အာဆင်နယ်အသင်း နှင့် ကွာရာဘောင်းဖလား ဆီမီးဖိုင် နယ်အဆင့်ပွဲစဉ်အပါအဝင် ဇန်နဝါရီ ၁၇ ရက် ဘရန့်ဖို့ဒ်အသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်၊ ဇန်နဝါရီ ၂၁ ရက်တွင် ပါဖို့စ်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တို့ကို စတင် တာဝန်ယူ ကိုင်တွယ်ရမည်ဖြစ် ကြောင်း သိရသည်။

Ref : Fotmob

Trs : ML



# Queensberry ကုမ္ပဏီက ၂၀၂၅ ခုနှစ် တစ်နှစ်တာအကောင်းဆုံး လက်ဝှေ့သမားအဖြစ် ဝက်ဒ်လေကို ရွေးချယ်

လန်ဒန် ဇန်နဝါရီ ၆

အင်္ဂလန်နိုင်ငံတွင် အခြေစိုက်သည့်လက်ဝှေ့လောက၏အရှိန်အဝါ အကြီးဆုံး Promotion ကုမ္ပဏီဖြစ်သည့် Queensberry ကုမ္ပဏီက ၂၀၂၅ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံးလက်ဝှေ့သမားအဖြစ် ဗြိတိန်လက်ဝှေ့သမား ဝက်ဒ်လေကို ရွေးချယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝက်ဒ်လေသည် WBO ကမ္ဘာ့ ဟဲဗီးဝိတ်တန်း၏ ယာယီချန်ပီယံ တစ်ဦးဖြစ်ပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက် ကင်းချန်ပီယံ အုဆက်ခ်ကို စိန်ခေါ် ထိုးသတ်ခွင့်ရနိုင်သည့် တစ်ဦး တည်းသော လက်ဝှေ့သမားဖြစ်ပြီး ၂၀၂၅ ခုနှစ်အတွင်း ရရှိခဲ့သော အောင်မြင်မှုများကြောင့် Queens-berry ကုမ္ပဏီ၏ တစ်နှစ်တာ အကောင်းဆုံးလက်ဝှေ့သမားအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။



Queensberry ကုမ္ပဏီ၏ဥက္ကဋ္ဌ ဖြစ်သူ ဖရန့်ဝါရင်က ၎င်းတို့ကုမ္ပဏီ ကရွေးချယ်သည့် တစ်နှစ်တာ အကောင်းဆုံး လက်ဝှေ့သမားဆု ကို ဝက်ဒ်လေက ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ၎င်းကိုယ်တိုင်က ၂၀၂၅ ခုနှစ် အတွင်းဝက်ဒ်လေကိုသဘောအကျ ဆုံးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖရန့်ဝါရင်က "ဝက်ဒ်လေကို ဘာလို့ တစ်နှစ်တာအကောင်းဆုံး လက်ဝှေ့သမားအဖြစ် ရွေးချယ်ခဲ့ တာလဲဆိုတာကို ကျွန်တော့်ကို လာမေးရင် ဖြေဖို့ခက်ပါတယ်။ ဝက်ဒ်လေ ဒီလိုအခြေအနေရောက် လာတာကို ပြန်လည်သုံးသပ်ကြည့် ရင် ဝက်ဒ်လေဟာ အပျော်တမ်း လက်ဝှေ့သမားအတွေ့အကြုံ မရှိပါ ဘူး။ လေ့ကျင့်ပြင်ဆင်မှုတွေပြုလုပ် ပြီးတော့ သူ့အနေနဲ့ ပရော်ဖက်ရှင် နယ်လောကကို ဝင်ရောက်ဖို့ အတွက် အဆင်သင့်ဖြစ်နေလို့ ပရော်ဖက်ရှင်နယ် လောကကို ဝင်ရောက်လာခဲ့ပါတယ်။ ပြိုင်ဘက် ကင်းချန်ပီယံဖြစ်တဲ့ အုဆက်ခ်ရဲ့ နောက် ဒုတိယအကောင်းဆုံးဆိုတဲ့ လက်ဝှေ့သမားကို အနိုင်ထိုးသတ် ပြီး WBO ရဲ့ ကမ္ဘာ့ဟဲဗီးဝိတ်တန်း ယာယီချန်ပီယံဖြစ်လာတဲ့ လက်ဝှေ့ သမားပါ။ ဒီလိုအခြေအနေက ဝက်ဒ်လေကို ၂၀၂၅ ခုနှစ်ရဲ့ အကောင်းဆုံးလက်ဝှေ့သမားအဖြစ် သတ်မှတ်နိုင်စေခဲ့တာပါလို့ ပြော ချင်ပါတယ်" ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL

# Dubai Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရှိန်းလောရီနှင့် မိုလီနာရီတို့ ပါဝင်ယှဉ်ပြိုင်မည်ဟု ထုတ်ပြန်

ဒူဘိုင်း ဇန်နဝါရီ ၆

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပမည့် Dubai Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ရှိန်းလောရီနှင့် အီတလီဂေါက်သီး ရိုက်ကစားသမား မိုလီနာရီတို့က ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစား သမားဖလက်ဝုဒ်၊ မြောက်အိုင်ယာ လန်ဂေါက်သီးရိုက် ကစားသမား မက်အီရွိုင်း၊ ဒိန်းမတ်ဂေါက်သီးရိုက် ကစားသမား ရက်စ်မက်စ်တို့က Dubai Invitational ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ် ကြောင်း ထုတ်ပြန်ကြေညာမှုအပြီး ၂၄ နာရီအတွင်း ရှိန်းလောရီနှင့်မိုလီ နာရီတို့က ကြေညာခဲ့ခြင်းဖြစ်သည်။

အဓိကဆုဖလား ငါးလုံးထိ ရရှိ ထားသော မက်အီရွိုင်းပါဝင်လာ သည့်အတွက် ပြိုင်ပွဲကို ပရိသတ် များ ပိုမိုစိတ်ဝင်စားလာပြီး မက်အီရွိုင်း၏ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သူ ရှိန်းလောရီပါ ပါဝင်လာသည့်အတွက် ပြိုင်ပွဲမှာ ပိုမိုအကြိတ်အနယ်ရှိလာနိုင်သည်။

ပြိုင်ပွဲကျင်းပရေး ကော်မတီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "ဒီနှစ် Dubai Invitational ဂေါက်သီးရိုက် ပြိုင်ပွဲမှာ မက်အီရွိုင်း၊ ဖလက်ဝုဒ် တို့လို ကစားသမားတွေ ပါဝင်လာ မှာဖြစ်သလို ရှိန်းလောရီတို့လဲ ပါဝင်လာမှာဖြစ်တဲ့အတွက် ပြိုင်ပွဲ ကတော့ စိတ်ဝင်စားဖို့ကောင်းနေ ပါပြီ။ အခုလို Dubai Invitational ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ် ပြိုင်သွားဖို့ဆုံးဖြတ်ခဲ့တဲ့ ကစား သမားအားလုံးကိုလဲ ကျေးဇူးတင် ပါတယ်။ ကျွန်တော်တို့အနေနဲ့လဲ ပြိုင်ပွဲဝင်တွေအတွက် လိုအပ်တာ အကုန်လုံး ပြည့်စုံအောင် ဖန်တီး ပေးနိုင်ဖို့လဲ စီစဉ်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

# အာဆင်နယ်အသင်းက အဓိကခံစစ်ကစားသမားတင်ဘားကို သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန်နီးစပ်နေ

လန်ဒန် ဇန်နဝါရီ ၆

အာဆင်နယ်အသင်းက အဓိက ခံစစ်ကစားသမားတစ်ဦးဖြစ်သည့် တင်ဘားကို လစာတိုးမြှင့်ပေးပြီး သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆို ရန်နီးစပ်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိတင်ဘားသည် ၂၀၂၃ ခုနှစ်က အေဂျက်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ ခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အနည်းငယ် ရှုံးနိမ့်ခဲ့ရသော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက အကောင်းဆုံး ခြေစွမ်းပြသခဲ့သူဖြစ်သည်။



ထို့အတူ တင်ဘားသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း အာဆင် နယ်အသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ တွင် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်ပြီး ချန်ပီယံဆုအတွက် အားပြိုင်မှုတွင် အဓိက ကစားသမား တစ်ဦးအဖြစ် ပါဝင်လျက်ရှိပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၆ ပွဲ တွင် သုံးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်ထားသူဖြစ်သည်။

တင်ဘားနှင့် အာဆင်နယ်အသင်း တို့စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး စပိန် ထိပ်တန်းအသင်းများက တင်ဘားကိုခေါ်ယူရန် စောင့်ကြည့် နေသဖြင့် အာဆင်နယ်အသင်း က လက်မလွှတ်လိုသောကြောင့် သက်တမ်းတိုးစာချုပ်သစ်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ လုပ်ခလစာတိုးမြှင့်ပေးပြီး ချုပ်ဆို နိုင်ရန် နီးစပ်နေကြောင်း သိရသည်။

Ref : Goal.com

Trs : STA

## အားကစားသတင်းအတိုအထွာများ

❑ ဘုန်းမောက်အသင်းက တိုက်စစ်ကစားသမား ဆီမီညိုနေရာ တွင်အစားထိုးရန် ရီးမားအသင်းတိုက်စစ်ကစားသမား လီယွန် ဘိုင်လီကိုခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

❑ ဇန်နဝါရီ ၉ ရက်တွင် အေတီကိုအသင်းနှင့် ကစားရမည့် စူပါလားပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အမ်ဘက်ပီ ဒူးဒဏ်ရာကြောင့် ပါဝင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

❑ မန်ယူအသင်းနည်းပြအာမိုရင်ကို ထုတ်ပယ်ခဲ့ပြီးနောက် ယာယီနည်းပြအဖြစ် နည်းပြဟောင်းဆိုးလ်ရှားကို ခန့်အပ်ရန် စီစဉ်နေကြောင်း သိရသည်။ ML

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မြောက်ဆူလာဝေစီပြည်နယ်တွင် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူကိုးဦးသေဆုံးခဲ့



ဂျကာတာ ဇန်နဝါရီ ၆

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မြောက်ဆူလာဝေစီပြည်နယ်တွင် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူဦးရေသည် ယနေ့တွင် ကိုးဦးထိ မြင့်တက်လာကြောင်း အမျိုးသားသဘာဝဘေး အန္တရာယ်လျော့ပါးရေးအေဂျင်စီ (BNPB) က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၅ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၃၀ ခန့်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် အရှေ့ပိုင်း မြောက်ဆူလာဝေစီ ပြည်နယ် စီတာရိုကျွန်းစုဒေသ၌ ရုတ်တရက် ရေကြီးမှုနှင့်မြေပြိုမှုများဖြစ်ပေါ်ခဲ့ကာ ယနေ့တွင် သေဆုံးသူ ကိုးဦးထိရှိလာပြီး ငါးဦးပျောက်ဆုံးနေဆဲဖြစ်ကာ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် ဒေသခံ ၁၀၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အနီးနားရှိ ဘုရားကျောင်း အဆောက်အအုံတွင် ခိုလှုံနေကြရကြောင်း BNPB က ထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် လူနေအိမ်နှင့် လမ်း၊ တံတားများရေလွှမ်းမိုးပျက်စီးခဲ့ရသည့်အပြင် လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးကွန်ရက်များလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ယနေ့တွင် ရှာဖွေရေး၊ ကယ်ဆယ်ရေးနှင့် ဘေးလွတ်ရာ ရွှေ့ပြောင်းရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေကြောင်း သိရသည်။

အိမ်ငါးလုံး ရေထဲလုံးဝမျောပါသွားပြီး အခြားပစ္စည်းများဆုံးရှုံးမှုကိုလည်း စိစစ်နေဆဲဖြစ်ကြောင်း၊ ကျွန်းစုဒေသဖြစ်သည့်အတွက် သွားလာမှုအကန့်အသတ်ရှိသောကြောင့် ပံ့ပိုးရေးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စိန်ခေါ်မှုများရှိနေကြောင်း BNPB မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

## အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှု အရေးပေါ်အခြေအနေ ထုတ်ပြန်

နယူးဒေလီ ဇန်နဝါရီ ၆

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေပြီး လေထုညစ်ညမ်းမှုအရေးပေါ်အခြေအနေအဖြစ် ဇန်နဝါရီ ၅ ရက်က သတ်မှတ်ထားသည်ဟု အိန္ဒိယလေထုညစ်ညမ်းမှု စောင့်ကြည့်တိုင်းတာရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

ရုပ်ကြွင်းလောင်စာ သုံးစွဲမှုကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း လေထုညစ်ညမ်းမှုနှုန်း အမြင့်မားဆုံးဖြစ်ကာ ယခုနှစ် ဇန်နဝါရီလအတွင်း လေထုညစ်ညမ်းမှု ဆက်လက်မြင့်တက်နေကြောင်း၊ လက်ရှိ လေထုညစ်ညမ်းမှုပမာဏမှာ လေထုအညွှန်းကိန်း ၃၀၀ ကျော်နေပြီဖြစ်သည့်အတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အဆင့်ဖြစ်နေကြောင်း၊ နယူးဒေလီမြို့တွင် ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုမှာ ရုပ်ကြွင်းလောင်စာသုံးစွဲမှု၊ အနီးပတ်ဝန်းကျင် ဒေသများမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေယာရှင်းလင်းရန် မီးရှို့ရှင်းလင်းမှုတို့ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နယူးဒေလီမြို့မှာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလကနေ ဒီဇင်ဘာလအတွင်း လေထုညစ်ညမ်းမှုတွေ ဆက်တိုက် ဖြစ်ပေါ်ခဲ့ပါတယ်။ မီးခိုးငွေ့တွေဖုံးလွှမ်းနေတဲ့ နယူးဒေလီမြို့မှာ လေထုညစ်ညမ်းမှုပမာဏဟာ လေထုအညွှန်းကိန်း ၃၀၀ ကျော်နေတဲ့အတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ်"ဟု အိန္ဒိယလေထုညစ်ညမ်းမှု စောင့်ကြည့်တိုင်းတာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ဂျမေကာနိုင်ငံ မလီဆာဟာရီကိန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ယာယီနေအိမ်များ စတင်ပေးအပ်

ကင်းစတန် ဇန်နဝါရီ ၆

ဂျမေကာနိုင်ငံတွင် တိုက်ခတ်ခဲ့သည့် မလီဆာမုန်တိုင်းကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားပြီး ယခုအခါ အဆိုပါပြည်သူများကို Middle Quarters Community Development Committee (CDC) အဖွဲ့အစည်းကဦးဆောင်၍ ယာယီနေအိမ်များကို ယနေ့မှစတင်၍ ပေးအပ်လှူဒါန်းနေပြီဖြစ်ကြောင်း သိရသည်။

ဂျမေကာနိုင်ငံတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် မလီဆာဟုအမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ဟာရီကိန်းမုန်တိုင်းနှင့်အတူ ရေကြီးရေလျှံမှု အန္တရာယ်ဖြင့် ကာလရှည် ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီဇင်ဘာ ၂ ရက်ထိ သေဆုံးသူအရေအတွက် ၄၅ ဦးထိ ရှိခဲ့ကြောင်း၊ မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုအခြေအနေ မတည်ငြိမ်မှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်မှသာ စတင်နိုင်ခဲ့ကြောင်း သိရသည်။

"မလီဆာဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုနဲ့အတူ ဆိုးရွားတဲ့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ပြည်သူတွေကို ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးခဲ့ရတယ်။ ရေဘေးအန္တရာယ်နဲ့ ကာလရှည် ရင်ဆိုင်ခဲ့ရတဲ့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အခုမှပဲ စတင်ဆောင်ရွက်နိုင်ပါတယ်။ ယာယီကယ်ဆယ်ရေးစခန်းမှာ နေထိုင်နေရတဲ့ ပြည်သူတွေအတွက်



ယာယီနေအိမ်အဖြစ် Container Houses တွေ ပေးအပ်လှူဒါန်းနေပြီဖြစ်ပါတယ်။ ယာယီကယ်ဆယ်ရေးစခန်းမှာရှိတဲ့ အိုးမဲ့အိမ်မဲ့ ၉၀၀၀၀ လောက်ကို တစ်ခါတည်း လှူဒါန်းနိုင်ဖို့ကတော့ ခက်ခဲတဲ့အတွက် ဖြည်းဖြည်းချင်းလှူဒါန်းပေးသွားမှာဖြစ်ပါတယ်"ဟု Middle Quarters Community Development Committee (CDC) မှ ပြောရေးဆိုခွင့်ရှိသူ ဘားနက်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် တောင်ဘက်ပိုင်းကမ်းခြေများတွင် ထုတ်ပြန်ထားသည့် ရေဘေးအန္တရာယ်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်း

အော့တာဝါ ဇန်နဝါရီ ၆

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် တောင်ဘက်ပိုင်း ကမ်းခြေဒေသများတွင် ဇန်နဝါရီ ၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့မှုကို ယနေ့တွင် ရုပ်သိမ်းလိုက်ကြောင်း Environment Canada က ထုတ်ပြန်ခဲ့သည်။

ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားသော ဧရိယာများတွင် ဗန်ကိုဗာကျွန်း၊ ဆန်းရှိုင်းကမ်းခြေနှင့် ဂရိတ်ဗစ်တိုးရီးယားဒေသတို့ဖြစ်ပြီး အဆိုပါဒေသများတွင် ထုတ်ပြန်ထားသော ရေဘေးအန္တရာယ် သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ရေလွှမ်းခဲ့သော ဧရိယာများတွင် ရေများ ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့် အပျက်အစီးများနှင့် ရွှံ့ညွန်များကို ရှင်းလင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပေးနေပြီဖြစ်သည်ဟု Environment Canada က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဒီရေမြင့်တက်မှု ကျဆင်းသွားပြီဖြစ်သလို မိုးရွာသွန်းမှုလည်း ရပ်ဆိုင်းသွားပြီ ဖြစ်တဲ့အတွက် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားမှုကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။ ဒါပေမဲ့ ဆီးနှင်းကျဆင်းမှု အန္တရာယ်ကိုတော့ အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပါတယ်"ဟု Environment Canada မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## ပြင်သစ်နိုင်ငံတွင် နှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် သယ်ယူပို့ဆောင်ရေးနှင့် သွားလာမှုအခက်အခဲများ ဖြစ်ပေါ်နေ

ပဲရစ် ဇန်နဝါရီ ၆

ပြင်သစ်နိုင်ငံတွင် နှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် သယ်ယူပို့ဆောင်ရေးနှင့် သွားလာမှုအခက်အခဲများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြင်သစ်နိုင်ငံတွင် ဇန်နဝါရီ ၅ ရက်မှစ၍ နှင်းများထူထပ်စွာ ကျဆင်းခဲ့ပြီး နှင်းကျဆင်းမှုကြောင့် လမ်းများချော်ကာ မြင်ကွင်းမှုန်ဝါးမှုများကြောင့် ယနေ့တွင် လေကြောင်း၊ ကားနှင့် ရထားခရီးစဉ်များစွာ ဖျက်သိမ်းခဲ့ရသဖြင့် ဒေသခံများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ၏ သွားလာမှုများ နှောင့်နှေးခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၏ အရပ်ဘက်လေကြောင်းအာဏာပိုင်ဖြစ်သည့် Aeroports de Paris (ADP.PA) ၏ အဆိုအရ လေယာဉ်ခရီးစဉ် ၁၀၀ ခန့် ဖျက်သိမ်းခဲ့ကြောင်း၊ ထို့ပြင် ရထားခရီးစဉ်များလည်း ဖျက်သိမ်းခဲ့ရကာ ဘတ်စကားဝန်ဆောင်မှုများကိုလည်း ရပ်ဆိုင်းထားခဲ့ရကြောင်း သိရသည်။

လက်ရှိ ပဲရစ်မြို့ပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေပြီး ပိတ်ဆို့နေသည့် ယာဉ်တန်းအရှည်သည် ကီလိုမီတာ ၁၀၀၀ ထိရှိကြောင်း၊ ပဲရစ်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးကို လည်ပတ်နေသော RATP ၏ အဝေးပြေးဘတ်စကားလိုင်းများစွာကို ဖျက်သိမ်းခဲ့သော်လည်း မြေအောက်ရထားများကိုမူ ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ခရီးသွားများအနေဖြင့် နှင်းများကြောင့် ယာဉ်မတော်တဆမှု ဖြစ်နိုင်သဖြင့် ယာဉ်အရှိန်ကို သတ်မှတ် အမြန်နှုန်းအတိုင်း မောင်းနှင်ကြရန် ပြင်သစ်သယ်ယူပို့ဆောင်ရေးဝန်ကြီး Philippe Tabarot က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ပေါ်ထွန်းရေးအတွက် နိုင်ငံ့ဝန်ထမ်းကောင်းများ၏အရေးပါမှု

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးမဟာဗျူဟာများ၊ သယံဇာတပေါကြွယ်ဝမှုနှင့် နည်းပညာတိုးတက်မှုတို့သည် အရေးပါသော်လည်း၊ ဤအချက်များအားလုံးကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ရန် လိုအပ်သောအခြေခံအုတ်မြစ်တစ်ရပ်ရှိပါသေးသည်။ ထိုအုတ်မြစ်မှာ နိုင်ငံတော်အတွက် သစ္စာရှိပြီး တာဝန်ကျေပွန်သည့် ဝန်ထမ်းကောင်းများပင်ဖြစ်သည်။ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အဆိုသည် ခေတ်ကာလအဆက်ဆက်အမှန်တရားအဖြစ် တည်ရှိနေဆဲပင်ဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကအကောင်အထည်ဖော် ဆောင်ရွက်ကြသူများမှာ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်သည်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောနိုင်ငံဖြစ်အောင် နိုင်ငံ့ဝန်ထမ်းများက အကောင်အထည်ဖော်ကြသည်။ နိုင်ငံတော်အစိုးရကို ကိုယ်စားပြု၍ ခေတ်အဆက်ဆက်ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။

ဝန်ထမ်းကောင်းတစ်ဦးတွင် အရည်အချင်းသည်သာ အဓိကမဟုတ်ပါ။ ထိုအရည်အချင်းများကိုအသုံးချရာတွင် လမ်းညွှန်ပေးမည့် ခိုင်မာသောကိုယ်ကျင့်တရားနှင့် တန်ဖိုးများလည်းရှိရမည်။ ဤတန်ဖိုးများသည် အချင်းချင်းဆက်စပ်လျက်ရှိနေပြီး အောက်ပါအတိုင်း ဖော်ပြနိုင်သည်။

ပထမအချက်မှာ "နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်း" ဖြစ်သည်။ ဤသည်မှာ အနှစ်သာရ ကျသောအရည်အချင်းဖြစ်၍ ကိုယ်ကျိုးထက် နိုင်ငံတော်၏အကျိုးစီးပွားကို ဦးစားပေးနိုင်ခြင်း၊ ဥပဒေနှင့်စည်းမျဉ်းများကို လေးစားလိုက်နာခြင်းနှင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ကာကွယ်လိုစိတ်ရှိခြင်းတို့ပါဝင်သည်။

ဒုတိယအချက်မှာ "တာဝန်ယူမှုနှင့် တာဝန်ခံမှု" ဖြစ်သည်။ မိမိ၏ရာထူးတာဝန်ကို ကြီးကြပ်မှုမရှိဘဲ ကျေပွန်စွာထမ်းဆောင်ခြင်း၊ ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်းနှင့် အမှားရှိပါက ဝန်ခံပြင်ဆင်နိုင်ခြင်းတို့သည် ခိုင်မာသော စိတ်ဓာတ်ကို ဖော်ပြသည်။

တတိယအချက်ဖြစ်သော "ရိုးသားဖြောင့်မတ်ခြင်း"သည် လုပ်ငန်းခွင်အတွင်း မရှိမဖြစ်လိုအပ်သည်။ မာန်မာနကင်းရှင်းခြင်း၊ လာဘ်ပေးလာဘ်ယူကင်းစင်ခြင်း၊ ဘက်လိုက်မှုမရှိဘဲ တရားမျှတမှုကို အခြေခံဆောင်ရွက်ခြင်းတို့ဖြင့် ပြည်သူ၏ယုံကြည်မှုကို ရရှိစေနိုင်သည်။

စတုတ္ထအချက်မှာ "ဝန်ထမ်းစိတ်ဓာတ်" ဖြစ်သည်။ ဤစိတ်ဓာတ်သည် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရန်ရည်ရွယ်ချက်ဖြင့် ကြိုးစားအားထုတ်ခြင်းနှင့် ပြည်သူ့အကျိုးကို ဦးစားပေးသော လုပ်ဆောင်ချက်များကို ဖော်ဆောင်ပေးသည်။

နောက်ဆုံးတွင် "ပူးပေါင်းဆောင်ရွက်လိုစိတ်နှင့် အစဉ်လေ့လာသင်ယူမှု" သည် ခေတ်မီတိုးတက်သောဝန်ထမ်းတစ်ဦး၏ လက္ခဏာဖြစ်သည်။ ခေတ်နှင့်အညီ အသိပညာ၊ အတတ်ပညာများမြှင့်တင်ကာ အဖွဲ့အစည်းအတွင်း ညှိနှိုင်းပူးပေါင်း လုပ်ကိုင်နိုင်ခြင်းသည် ပိုမိုထိရောက်သော ဝန်ဆောင်မှုကို ဖြစ်ထွန်းစေနိုင်သည်။ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးသည် ဤအရည်အချင်းနှင့် တန်ဖိုးများကို ပေါင်းစပ်ပြီး မိမိ၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သည့်အခါ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအသုံးဝင်လာမည်ဖြစ်သည်။

**❖ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးသည် နိုင်ငံတော်အပေါ် သစ္စာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ရိုးသားဖြောင့်မတ်မှု၊ ဝန်ထမ်းစိတ်ဓာတ်နှင့် အစဉ်လေ့လာသင်ယူလိုစိတ်ရှိမှုများကို ပိုင်ဆိုင်ရမည်ဖြစ်သည်။ ဝန်ထမ်းကောင်းများသည် မူဝါဒများကို လက်တွေ့ အကျိုးသက်ရောက်မှုအဖြစ်သို့ ပြောင်းလဲပေးသူများ၊ ပြည်သူနှင့်အစိုးရကြား ယုံကြည်မှုတံတားကို တည်ဆောက်ပေးသူများအဖြစ် နိုင်ငံတော်၏အုပ်ချုပ်ရေး ယန္တရားတွင် အရေးပါသည်။ ❖**

ဝန်ထမ်းကောင်းများသည် နိုင်ငံတော် အုပ်ချုပ်ရေးယန္တရား၏ အသက်သွေးကြောသဖွယ်ရှိနေသည်။ ၎င်းတို့သည် မူဝါဒအကောင်အထည်ဖော်ရေးတွင် ထိရောက်မှုကို အဓိကဆောင်ကြဉ်းပေးသူများဖြစ်သည်။ နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများသည် အောက်ခြေအဆင့်တွင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မှသာ ပြည်သူလူထုထံ တကယ့်အကျိုးကျေးဇူးရရှိမည်ဖြစ်ပြီး လုပ်ငန်းစဉ်များကို ချောမွေ့စေရန် ဝန်ထမ်းကောင်းများက ဆောင်ရွက်ပေးရမည်ဖြစ်ပေသည်။ ဝန်ထမ်းကောင်းတို့သည် ပြည်သူ၏ယုံကြည်မှုကို အစိုးရနှင့်ပေါင်းကူး တံတားသဖွယ် တည်ဆောက်ပေးသူများလည်း ဖြစ်ကြသည်။ ရိုးသားဖြောင့်မတ်ပြီး ဝန်ဆောင်မှုစိတ်ဓာတ်ပြည့်ဝသောဝန်ထမ်းများနှင့် နေ့စဉ် ထိတွေ့ဆက်ဆံရသော ပြည်သူများသည် နိုင်ငံတော်နှင့်အစိုးရအပေါ် ယုံကြည်မှုတည်ဆောက်မိလာမည်ဖြစ်ပြီး ဤယုံကြည်မှုသည် နိုင်ငံတော်တည်ငြိမ်တိုးတက်မှုအတွက် အဖိုးမဖြတ်နိုင်သော အရင်းအနှီးတစ်ရပ်ပင်ဖြစ်သည်။

တရားမျှတမှုနှင့် ညီမျှမှုကို အာမခံပေးခြင်းသည် ဝန်ထမ်းကောင်းများက ဥပဒေဘောင်အတွင်းမှနေ၍ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အခွင့်ထူးခံစားမှု၊ ဘက်လိုက်မှုနှင့် ခွဲခြားဆက်ဆံမှုများကို လျှော့ချနိုင်ပြီး ပြည်သူအားလုံး တန်းတူညီမျှ အခွင့်အရေးများရရှိစေရန် ကြားခံဆောင်ရွက်ပေးသည်။ နောက်ဆုံးတွင် ဝန်ထမ်းကောင်းများ နိုင်ငံတော်၏ရေရှည်တည်တံ့မှုအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည်။ ဝန်ထမ်းကောင်းများသည် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် အုပ်ချုပ်ရေးများကို လက်ဆင့်ကမ်းသယ်ဆောင်သူများအဖြစ် ဆောင်ရွက်ကာ ခေတ်အဆက်ဆက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားထုတ်မှုများကို ပံ့ပိုးပေးလျက်ရှိသည်။

ဤသို့သော ဝန်ထမ်းကောင်းများ များစွာပေါ်ထွန်းလာရန် စနစ်တကျ ပြုစုပျိုးထောင်ရန် လိုအပ်သည်။ ပထမဦးစွာ ရွေးချယ်ခန့်အပ်မှုစနစ်သည် ကျွမ်းကျင်မှုကိုအခြေခံပြီး ပွင့်လင်းမြင်သာမှုနှင့် ယှဉ်ပြိုင်မှုရှိသော စနစ်ဖြစ်သည်။ လေ့ကျင့်သင်ကြားမှုနှင့်စည်းရုံးမှုသည် အဆက်မပြတ်ပြုလုပ်ရမည့် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်ကာ ဝန်ထမ်းများ၏ အရည်အသွေးနှင့်သစ္စာစောင့်သိမှုကို အစဉ်မြှင့်တင်ပေးရမည်။ ထိရောက်သော စီမံခန့်ခွဲမှုနှင့် ထိန်းကျောင်းမှုသည် ကောင်းမွန်သောလုပ်ဆောင်မှုများ၊ ချီးမြှင့်မှုနှင့် မှားယွင်းသောလုပ်ရပ်များအတွက် တာဝန်ခံမှုစနစ်ခိုင်မာစွာရှိရမည်။ နောက်ဆုံးတွင် ဂုဏ်သိက္ခာရှိသောဘဝကို ဖန်တီးပေးရန်လည်း မဖြစ်မနေလိုအပ်သည်။ ဝန်ထမ်းများစိတ်အေးလက်အေးဖြင့် မိမိတာဝန်ကိုစူးစိုက်နိုင်ရန် လုံလောက်သောလစာ၊ စရိတ်နှင့်ကောင်းမွန်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်ပင်ဖြစ်သည်။

အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ အစိုးရအဖွဲ့သည် သက်တမ်းကာလတစ်ခုအတွင်း နိုင်ငံရေးဦးဆောင်မှုပေးကာ မူဝါဒများ ချမှတ်သောနိုင်ငံရေးအဖွဲ့ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများမှာ ထိုမူဝါဒများကို တည်ငြိမ်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ နိုင်ငံရေးအရ ဦးဆောင်သူများ သက်တမ်းအလိုက်အပြောင်းအလဲရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ ဝန်ထမ်းသက်တမ်းကုန်ဆုံးသည်ထိ နိုင်ငံတော်၏ ရေရှည်ရည်မှန်းချက်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံကို အမှန်တကယ်ချစ်မြတ်နိုးပြီး တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်သည့် ဝန်ထမ်းကောင်းများသည် နိုင်ငံတော်၏ရပ်တည်မှုကို ခိုင်မာစေသည့် ဒေါက်တိုင်များနှင့်တူသည်။ ၎င်းတို့သည် ရေရှည်တည်တံ့ခိုင်မြဲမှုကို ကိုယ်စားပြုပြီး မတိမ်းယိမ်းဘဲ မြဲမြံစွာရပ်တည်နိုင်စေရန် အခြေခံ အုတ်မြစ်ချပေးကြသူများလည်းဖြစ်သည်။ ထို့ပြင် ၎င်းတို့သည်စက္ကူပေါ်ရှိ မူဝါဒများကို လက်တွေ့အသက်သွင်းပေးသူများဖြစ်ကာ ရည်မှန်းချက်များကို လက်တွေ့အောင်မြင်မှုများအဖြစ် ပြောင်းလဲပေးနိုင်သည့် သက်ရှိယန္တရားများ ဖြစ်ကြသည်။

နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးသည် နိုင်ငံတော်အပေါ် သစ္စာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ရိုးသားဖြောင့်မတ်မှု၊ ဝန်ထမ်းစိတ်ဓာတ်နှင့် အစဉ်လေ့လာသင်ယူလိုစိတ်ရှိမှုများကို ပိုင်ဆိုင်ရမည်ဖြစ်သည်။ ဝန်ထမ်းကောင်းများသည် မူဝါဒများကို လက်တွေ့အကျိုးသက်ရောက်မှုအဖြစ်သို့ ပြောင်းလဲပေးသူများ၊ ပြည်သူနှင့်အစိုးရကြား ယုံကြည်မှုတံတားကို တည်ဆောက်ပေးသူများအဖြစ် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အရေးပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်ကြီး ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် မြင့်မားသောအဆောက်အအုံများ၊ စီမံကိန်းကြီးများကို ဦးစားပေးခြင်းထက် ပိုမိုအခြေခံကျသော လုပ်ငန်းတစ်ခုဖြစ်သည့် ဝန်ထမ်းကောင်းများပေါ်များလာစေရေးအတွက် စနစ်တကျ ရင်းနှီးမြှုပ်နှံပြုစုပျိုးထောင်ရန် အထူးလိုအပ်ပေသည်။ ရွေးချယ်ခန့်အပ်မှုအပြင်၊ အဆက်မပြတ်လေ့ကျင့်သင်ကြားမှု၊ ထိရောက်သော စီမံခန့်ခွဲမှုနှင့်ဂုဏ်သိက္ခာရှိသော ဘဝဖန်တီးပေးမှုများသည် ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်၏ အဓိကအင်္ဂါရပ်များဖြစ်သည်။

အချုပ်ဆိုရသော် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်သောနိုင်ငံတော်ကြီးတစ်ခု ပေါ်ထွန်းလာရေးသည် သစ္စာရှိသော၊ ကျွမ်းကျင်သော၊ တာဝန်သိသော စိတ်ဓာတ်ပြည့်ဝသော ဝန်ထမ်းကောင်းများ၏လက်ထဲတွင်သာ အဓိကမူတည်နေသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် မြှင့်တင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို ဝန်ထမ်းကောင်းများဖြစ်လာစေရန် ပိုမို၍အားစိုက်ထုတ်ပြုစုပျိုးထောင်ကြရန် လိုအပ်ပါကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။

**ကိုအောင်(ထုတ်လုပ်)**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# Avatar : Fire and Ash ၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့




နယူးယောက် ဇန်နဝါရီ ၆

Avatar : Fire and Ash ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

Avatar : Fire and Ash ဇာတ်ကားသည် နှစ်သစ်ကူးအားလပ်ရက်ကာလအတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀၂ သန်းရရှိခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Avatar : Fire and Ash ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ပြီး ၎င်းဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာဂျိမ်းကင်မရွန်ကတာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ဂျိမ်းကင်မရွန်ရိုက်ကူးပေးခဲ့သည့် Avatar(2009)နှင့် Avatar : The Way of Water(2022)ဇာတ်ကားများသည်လည်း ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်လွန်ခဲ့သည့်ဇာတ်ကားများဖြစ်ကြသည်။

Avatar : Fire and Ash ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် ၂၀ ရာစုရုပ်ရှင်စတူဒီယိုက အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထိသုံးစွဲခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ဒါရိုက်တာ အန်ဒရီအိုဗရိဒဲ ရိုက်ကူးထားသည့် ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ထုတ်ပြန်

နယူးယောက် ဇန်နဝါရီ ၆

ဒါရိုက်တာ အန်ဒရီအိုဗရိဒဲ ရိုက်ကူးထားသည့် ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို Paramount ကုမ္ပဏီက ထုတ်ပြန်ကြေညာခဲ့ကြောင်း ဇန်နဝါရီ ၅ ရက်သတင်းများအရ သိရသည်။

Paramount ၏ကြေညာချက်အရ အဆိုပါထိတ်လန့်သည်းဖိုဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်မှာ Passenger ဟူ၍ ဖြစ်ကြောင်း သိရသည်။

Passenger ဇာတ်ကား ယခုနှစ် မေ ၂၉ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်းလည်း Paramount ကုမ္ပဏီ၏ကြေညာချက်၌ ဖော်ပြထားသည်။

Passenger ဇာတ်ကားတွင် မင်းသားဂျက်ကော့စီပီယို၊ မင်းသမီး လျူလိုဘဲနှင့် မယ်လစ်ဆာလီယိုတို့ ပါဝင်ထားသည်။

လက်ရှိအချိန်တွင် Passenger ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Paramount ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ အန်ဒရီအိုဗရိဒဲ နောက်ဆုံး ရိုက်ကူးထားသည့် ဇာတ်ကားမှာ The Last Voyage of the Demeter ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# မရမ်းကုန်းမြို့နယ်ရှိ Yangon Social F& B, Music, Kids Playground ၌ တေးသံရှင် တိုးဖြူ၊ စိုင်းအောင်ထီးခမ်း၊ ဆိုင်စံတို့၏ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်




ရန်ကုန် ဇန်နဝါရီ ၆

တေးသံရှင် တိုးဖြူ၊ စိုင်းအောင်ထီးခမ်း၊ ဆိုင်စံတို့၏ မြေနီလမ်းက ချစ်သူလမ်းကြား တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social F& B, Music, Kids Playground ၌ ဇန်နဝါရီ ၁၆ ရက် ညတွင် ပြုလုပ်မည် ဖြစ်ကြောင်း တေးသံရှင် တိုးဖြူထံမှ သိရသည်။

အဆိုပါ တေးသံရှင် တိုးဖြူ၊ စိုင်းအောင်ထီးခမ်း၊ ဆိုင်စံတို့၏ မြေနီလမ်းကချစ်သူလမ်းကြား တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Immortal Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းငွေ့ လက်ကျန်လေးနဲ့ ထပ်တူကျမဲ့ တေးသွားတွေကို Immortal Band နဲ့အတူ တကြိုးသီဆိုဖျော်ဖြေသွားမှာပါ။ တောင်ပေါ်မြေကို ပြန်လည်ရောက်ရှိသွားသလို ခံစားစေရမဲ့ ညလေး တစ်ညဖြစ်မှာကြောင့် ကြွလှမ်းခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် တိုးဖြူက ပြောပြသည်။

အဆိုပါ Yangon Social F& B, Music, Kids Playground တွင် တေးသံရှင် တိုးဖြူ၊ စိုင်းအောင်ထီးခမ်း၊ ဆိုင်စံတို့၏ တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၆ ရက် ည ၇ နာရီမှစတင်ကာ Immortal Band တေးဂီတအဖွဲ့နှင့်အတူ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ဒါရိုက်တာ ဂျေဂျေအေဘရမ်း ထပ်မံရိုက်ကူးနေသော ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ပေါ်ထွက်လာ

နယူးယောက် ဇန်နဝါရီ ၆

ကမ္ဘာကျော်ဒါရိုက်တာ ဂျေဂျေအေဘရမ်း ထပ်မံရိုက်ကူးနေသော ရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ပေါ်ထွက်လာပြီဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဟောလီဝုဒ်သတင်းဝက်ဘ်ဆိုက်များ၏အဆိုအရ အဆိုပါရုပ်ရှင်ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်မှာ The Great Beyond ဟူ၍ဖြစ်ကြောင်း သိရသည်။

The Great Beyond ဇာတ်ကားကို ဒါရိုက်တာ ဂျေဂျေအေဘရမ်းက ဝါနာဘရားသားကုမ္ပဏီအတွက် တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

The Great Beyond ဇာတ်ကားသည် လျှို့ဝှက်ဆန်းကြယ် စာရေးဆရာတစ်ဦးနှင့် ၎င်းစိတ်ကူးဖြင့်ဖန်တီးထားသည့် မှော်လောကကြီး လက်တွေ့ပေါ်ထွက်လာပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ဂျေဂျေအေဘရမ်းသည် The Great Beyond ဇာတ်ကားကို ၂၀၂၅ ခုနှစ် နှစ်လယ်ပိုင်းကပင် စတင်ရိုက်ကူးနေခြင်းဖြစ်သည်။

၎င်းဇာတ်ကားတွင် မင်းသားဂလင်းပိုဝဲ၊ ဆင်မြူရယ်အယ်ဂျက်ဆင်၊ မင်းသမီး ဂျင်နာအော်တေဂါနှင့် အမ်မာမစ်ကေးတို့ ပါဝင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ် နောက်ဆုံးအဆင့်ရွေးချယ်ပွဲကို ဇန်နဝါရီ ၁၀ ရက်တွင် ပြုလုပ်သွားမည်

ရန်ကုန် ဇန်နဝါရီ ၆

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ် နောက်ဆုံးအဆင့် ရွေးချယ်ပွဲကို ဇန်နဝါရီ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ်များ ရွေးချယ်ရာတွင် ရွှေကြိုလျှောက်ထားသူ ဦးရေ ၂၀၀ ခန့်ရှိပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိသူများကို အဆင့်ဆင့် ရွေးချယ်လျက်ရှိရာ ပဏာမအဆင့် ရွေးချယ်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၉ ရက်တွင် ရွှေကြိုမောင်မယ်များ ဒုတိယအဆင့်ရွေးချယ်ပွဲကို လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ နောက်ဆုံးအဆင့် ရွှေကြိုပြိုင်ရမဲ့ ရွှေကြိုမောင်မယ်တွေအနေနဲ့ ဇန်နဝါရီ ၁၀ ရက်မှာ အပိုင်း နှစ်ပိုင်းခွဲကျင်းပသွားမှာဖြစ်ပါတယ်။ တချို့ တတိယအဆင့်ထိမပါလာတဲ့ ရွှေကြိုမောင်မယ်တွေအနေနဲ့ စိတ်အားမငယ်ဘဲ လာမဲ့နှစ်တွေမှာ ဆက်ကြိုးစားပြီး ပြိုင်ဆိုင်ကြစေချင်ပါတယ်။ ကလေးတွေကလဲ လျှောက်လှမ်းမဲ့ အနုပညာလောကရဲ့ သမိုင်းအကြောင်းအရာတွေကို အကောင်းဆုံး လေ့လာပြင်ဆင်ထားဖို့လဲ ပြောချင်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ ရွှေကြိုမောင်မယ် နောက်ဆုံးအဆင့် ရွေးချယ်ပွဲတွင် ရွှေကြိုမောင်မယ် ၅၈ ဦးကို ပထမပိုင်း အစီအစဉ်အနေဖြင့် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ လျှောက်လွှာအမှတ်စဉ် ၀၂၉၆ ကနေ ၀၁၃၈ ထိ တစ်ပိုင်း၊ ဒုတိယပိုင်း အစီအစဉ်အနေဖြင့် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ လျှောက်လွှာအမှတ်စဉ် ၀၁၃၅ ကနေ ၀၀၀၃ ထိ တစ်ပိုင်း ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ရွှေကြိုပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ရွှေကြိုမောင်မယ်များကို Voting စနစ်ဖြင့် ရွေးချယ်မှုများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing receives delegation led by Special Envoy of ASEAN Chair to Myanmar Secretary of Foreign Affairs of the Philippines



Senior General Min Aung Hlaing receives Special Envoy of ASEAN Chair to Myanmar Secretary of Foreign Affairs of the Philippines H.E. Ms. Maria Theresa Parreno Lazaro.


**Nay Pyi Taw January 6**

A delegation led by Special Envoy of ASEAN Chair to Myanmar Secretary of Foreign Affairs of the Philippines H.E. Ms. Maria Theresa Parreno Lazaro paid a courtesy call on Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing at the parlour of Office of the National Defence and Security Council here this afternoon.

Also present at the call together with the Senior General were SSPC Secretary General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe and Union Minister for Social Welfare, Relief and Resettlement Dr Soe Win. The special envoy was accompanied by officials of the Embassy of the Philippines in Myanmar.

At the call, views on the best cooperative efforts exerted by Myanmar in the ASEAN, improving diplomatic relations between Myanmar and Philippines, the inevitable assumption of the duties of the State due to the attempts to illegally grab the State power after the erroneous election in 2020, Myanmar's latest political developments, preparations to hold a free and fair election and to compile a correct voter list, successful holding of the first phase of the election, and the holding of the phase 2 and phase 3 of the election in the remaining townships, the monitoring of the phase 1 by international observers and the involvement of the Philippines in the task, positive remarks in connection with the election, the objective of the election that was to safeguard the democratic rights of the entire Myanmar people, promotion of cooperation in political, economic and trade sectors between Myanmar and Philippines, Myanmar's efforts to further promote its cooperation in the ASEAN till reaching its climax were cordially exchanged.

After the call, the Senior General and the special envoy exchanged commemorative gifts and posed for documentary photos together with the attendees. 100



Senior General Min Aung Hlaing exchanges gifts with Ms. Maria Theresa Parreno Lazaro.

# Farmers plant vegetable plants on extended sown acreage in Homalin District

**Homalin January 6**

Local farmers expanded cultivation of vegetable crops to exceed the target cultivation in Homalin District of Sagaing Region, according to the district Agriculture Department.

During the 2025-2026 winter cropping season, Homalin District plans to cultivate 2,950 acres of vegetable crops. Planting began in October 2025, and as of today, 2,895 acres have been planted in Homalin Township and 125 acres in Mobailuk Town, bringing the total cultivated area to 3,020 acres, according to reports.

"During this year's winter cropping season in Homalin District, 2,950 acres of vegetable crops were originally targeted for cultivation, but as of today 3,020 acres have already been planted. The crops include mustard greens, chilli, culinary herbs, potatoes, cabbage, eggplant and cauliflower. Farmers are being provided with technical guidance so that all vegetables can be cultivated in line with GAP standards. We are also giving farmers technical support to ensure that vegetables are grown in a health-compliant manner with minimal chemical residues," said Daw Su Su Htway, District Head of the Homalin District Department of Agriculture.



A vegetable plantation.

For the 2025-2026 winter cropping season, the township-wise cultivation targets for vegetable crops in Homalin District are 2,850 acres in Homalin Township and 100 acres in Mobailuk Town, totalling 2,950 acres, it is reported.

This year, the relevant township Departments of Agriculture in Homalin District are providing vegetable farmers with technical training on GAP-based cultivation methods, guidance to ensure that vegetables produced from farms are safe and suitable for consumption, and support to encourage the expansion of vegetable cultivation.

In Homalin District, a wide variety of seasonal vegetables are cultivated annually. These crops are reported to be growing successfully and contributing to household incomes. Township Departments of Agriculture are also raising awareness among vegetable farmers on correct cultivation practices, pest prevention, and the preparation and use of organic fertilizers, natural pesticides and repellents.206

# UN human rights office says U.S. intervention in Venezuela undermines int'l law

**Geneva January 6**

The United Nations (UN) High Commissioner for Human Rights is deeply worried about the situation in Venezuela following the U.S. military operation in the country, a spokesperson for the UN human rights office said on Tuesday.

Speaking at a regular press briefing in Geneva, spokesperson Ravina Shamdasani said the High Commissioner believes the U.S. action undermines a fundamental principle of international law -- that a state must not threaten or use force against the territorial integrity or political independence of another state.

She also said, in response to questions from reporters, that the U.S. action breached the UN Charter and damaged the international security architecture, making every country less safe.

She said it was essential for the international community to maintain clarity, stressing that the U.S. action should not be portrayed as a measure taken to defend human rights, but rather as an action carried out in clear violation of international law.

The U.S. action in Venezuela sends a signal that "the powerful can do whatever they like, she added. It weakens the mechanism that we have to prevent further conflict, to prevent even a Third World War, namely the UN," she stressed.

Xinhua

## Mr. Abdelmadjid Tebboune, President of the People's Democratic Republic of Algeria, sends Congratulatory Message to Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar

I am pleased, as the Republic of the Union of Myanmar celebrates its National Day, to offer your esteemed person my most sincere congratulations and heartfelt wishes for good health and happiness, and your friendly people further progress and advancement, while reiterating our readiness to work towards the enhancement of the existing relations of friendship and cooperation between our two countries, and their upgrading to a broader level, so as to serve the supreme interests of our friendly countries.

Please accept, Your Excellency, the assurances of my highest consideration.

# 631 illegal structures used for online fraud and gambling in KK Park area systematically demolished

Illegally constructed five-storey residential building in Section (2) of the KK Park area.



Before demolition.



After demolition.

**Nay Pyi Taw January 6**

The Myanmar government has been conducting clearance operations within the illegal structures in the Shwe Kokko and KK Park areas, where online fraud and gambling activities are most concentrated. Joint task forces have been systematically destroying seized assets used in online fraud and gambling operations and demolishing illegal buildings. It has been learned that today, an additional 21 illegal structures within the KK Park area were demolished.

Today, within the Maehtawthalay (KK Park) Area (3), one illegal four-story building and one illegal five-story building used for committing online fraud and gambling were demolished. Additionally, in Area (2), seven illegal single-story buildings, ten illegal two-story buildings, and two illegal four-story buildings—all used for online fraud and gambling—were also demolished. This brings the total number of illegal structures demolished in the KK Park area to 631 out of a total of 635 illegal buildings identified.

Furthermore, among the illegal structures in KK Park Area (3), after demolishing buildings using machinery, additional destruction using flamethrowers was carried out starting from December 14 to ensure complete destruction. Today, five two-story buildings were additionally destroyed, bringing the total number of illegal structures fully demolished to 111.

The government has taken the fight against online fraud and gambling as a national responsibility. In addition to mobilizing domestic forces, it will continue to coordinate and collaborate with neighbouring governments to ensure that such activities cannot take root within Myanmar. 100

# Xinhua Commentary: No country has the right to police the world

**Beijing January 6**

Venezuelan President Nicolas Maduro appeared in Manhattan federal court on Monday after his forcible seizure by U.S. special forces on Venezuelan soil this weekend, marking the latest development in Washington's public assault on international law and national sovereignty.

Kidnapping the head of state of a sovereign country and putting him in a foreign court for a so-called trial has nothing to do with law enforcement; it is simply a naked show of America's readiness to wield its raw power.

Washington's brazen military operation against Venezuela sets a perilous precedent: that any nation with enough power can unilaterally impose its will on another, reducing the international order to a brutal contest of might.

In the real international system, no country can legitimately act as an international policeman, and no country can appoint itself as an international judge. International law recognizes no such role. The authority to enforce justice across borders rests with multilateral institutions, not with unilateral acts of coercion carried out at a time and place of one country's choosing.

In fact, Washington has self-torpedoed its claim of legality, voluntarily exposing its greed for natural resources. Shortly after its military operation against Venezuela, U.S. President Donald Trump publicly urged acting Venezuelan President Delcy Rodriguez to grant the United States "total access," especially to Venezuela's oil resources. Xinhua




This photo taken with a mobile phone shows people protesting outside a courthouse, which Venezuelan President Nicolas Maduro is brought to, in New York, the United States, on Jan. 5, 2026.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အစ္စရေးတပ်မတော်က တန်ပြန်ဒရုန်းတိုက်ဖျက်ရေးလက်နက်စနစ်များမှာယူရန် ParaZero ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အစ္စရေးတပ်မတော်က Defend Air တန်ပြန်ဒရုန်းတိုက်ဖျက်ရေး လက်နက်စနစ်များမှာယူရန် ParaZero ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

Defend Air လက်နက်စနစ်သည် ရန်သူ့ဒရုန်းများကို ပိုက်ကွန်ဖြင့်ဖမ်းယူချုပ်ကိုင်တိုက်ဖျက်ရေး လက်နက်စနစ်တစ်ခုဖြစ်သည်။ ဤလက်နက်စနစ်သည် ပစ်မှတ်ကိုချေမှုန်းရာတွင် ဘေးထွက်ဆိုးကျိုး၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အဆိုပါ မှာယူမှုစာချုပ်တွင် လက်နက်အစုံလိုက် အမြောက်အမြားပါဝင်သည့်အပြင် လက်တွေ့စစ်မြေပြင်တွင် အလျင်အမြန်တပ်ဖြန့်နိုင်ရန်အတွက် စနစ်အတွင်း ပေါင်းစပ်ထည့်သွင်းခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း ဝန်ဆောင်မှုများလည်း ပါဝင်နေသည်။

အစ္စရေးနိုင်ငံ ကေဖာဆာဗာမြို့အခြေစိုက် ParaZero Technologies ကုမ္ပဏီသည် လက်ရှိဖြစ်ပွားနေသောပဋိပက္ခများအတွင်း မြေပြင်တပ်ဖွဲ့များနှင့် စစ်ဆင်ရေးများအတွက် ကြီးမားသောခြိမ်းခြောက်မှုဖြစ်လာသည့် ဒရုန်းအန္တရာယ်ကို တုံ့ပြန်နိုင်ရန် ၎င်းတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်နေခြင်းဖြစ်ခဲ့သည်။

ယခုစာချုပ်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးကုမ္ပဏီတစ်ခုထံမှလည်းကောင်း၊ ထိုနှစ်သြဂုတ်လတွင် ထူးခြားသောကာကွယ်ရေးအဖွဲ့အစည်းတစ်ခုထံမှလည်းကောင်း အလားတူအမှာစာများ ရရှိခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်လည်း ParaZero ကုမ္ပဏီသည် NATO နှင့် ဂျာမနီနိုင်ငံတို့အတွက် DefendAir နည်းပညာကို သီးခြားသရုပ်ပြသခဲ့ဖူးသည်။

ParaZero ကုမ္ပဏီ၏ DefendAir စနစ်ကို နည်းလမ်းသုံးမျိုးဖြင့် အသုံးပြုနိုင်သည်။ ကြားဖြတ်ဟန့်တားမည့် ဒရုန်းပေါ်တွင်တပ်ဆင်၍ ပစ်လွှတ်ခြင်း၊ ပုံသေတပ်ဆင်ထားသည့် စက်သေနတ်စင်တွင် တပ်ဆင်၍ ပစ်လွှတ်ခြင်းနှင့် လက်ကိုင်သေနတ်ပုံစံဖြင့် အသုံးပြုနိုင်သည်။ ၎င်းသည် တပ်ဆင်ပုံစံပေါ်မူတည်၍ နှစ်မီတာမှ မီတာ ၁၀၀ အကွာထိရောက်ရှိနိုင်ပြီး အသုံးပြုသည့်ပိုက်ကွန်၏ အရွယ်အစားမှာ ကိုးစတုရန်းမီတာမှ ၁၀၀ စတုရန်းမီတာထိရှိသည်။ အသုံးပြုသူများအနေဖြင့် ၎င်းတို့၏ လိုအပ်ချက်နှင့် ထိရောက်မှုအပေါ်မူတည်၍ အဆိုပါလက်နက်တွင် ရေဒါ၊ ကွပ်ကဲထိန်း ချုပ်မှုစနစ်နှင့် ရေဒီယိုလှိုင်းနှုန်းစနစ်များကိုပါ ထပ်မံဖြည့်စွက်တပ်ဆင်နိုင်သည်။

ParaZero ကုမ္ပဏီ၏ DefendAir လက်နက်စနစ်သည် ခေတ်သစ်စစ်မြေပြင်၏ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သောဒရုန်းခြိမ်းခြောက်မှုများကို တုံ့ပြန်ရာတွင် နည်းပညာဖြင့် အသက်ကယ်တင်ခြင်းဆိုသည့် အပြုသဘောဆောင်သောရှုထောင့်ကို မီးမောင်းထိုးပြနေသည်။ ဤစနစ်၏ထူးခြားချက်မှာ ရန်သူ့ဒရုန်းများကို ဖောက်ခွဲဖျက်ဆီးခြင်းမျိုးမဟုတ်ဘဲ ပိုက်ကွန်ဖြင့်ဖမ်းယူချုပ်ကိုင်ခြင်းဖြစ်သဖြင့် လူနေထူထပ်သော ဒေသများနှင့် စစ်မြေပြင်များတွင် ဘေးထွက်ထိခိုက်မှုကို အထိရောက်ဆုံးလျှော့ချပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ခြေလျင် တပ်သားများ လက်ကိုင်သေနတ်ကဲ့သို့ အလွယ်တကူအသုံးပြုနိုင်ခြင်းနှင့် ဒရုန်းအချင်းချင်း ကြား ဖြတ်ဟန့်တားနိုင်ခြင်းတို့မှာ နည်းပညာပိုင်းအရ ကျယ်ပြန့်စွာအသုံးပြုနိုင်စွမ်းရှိကြောင်း သိရသည်။

**ParaZero Signs First DefendAir Contract With Major Israeli Defense User** ကို ဘာသာပြန်ဆိုထားပါသည်။

## ရုရှားက Shahed တိုက်ခိုက်ရေးဒရုန်းများတွင် ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ တပ်ဆင်အသုံးပြုခဲ့

ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေး၌ Shahed တိုက်ခိုက်ရေးဒရုန်းတွင် ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များတပ်ဆင်အသုံးပြုခဲ့ကြောင်း Defence Blog သတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။


အဆိုပါဒရုန်းများတွင် တပ်ဆင်သောဒုံးကျည်သည် ဒရုန်းအော်ပရေတာက အဝေးထိန်းစနစ်ဖြင့် ပစ်ခတ်နိုင်ခြင်းကြောင့် Shahed ဒရုန်းများကို ကြားဖြတ်ဟန့်တားနေရသည့် ယူကရိန်းလေယာဉ်များအတွက် ခြိမ်းခြောက်မှုအသစ်ဖြစ်လာစေခဲ့ပြီဖြစ်သည်။

ယူကရိန်းစစ်ဘက်သည် ပခုံးထမ်းလေကြောင်းရန် ကာကွယ်ရေးစနစ်တပ်ဆင်ထားသည့် ရုရှား၏ Shahed အမျိုးအစား တစ်ကျော့ပြန်တိုက်ခိုက်ရေးဒရုန်းကို ပထမဆုံးအကြိမ်အဖြစ်တွေ့ရှိခဲ့သည်။ ဒရုန်းကျွမ်းကျင်သူ Serhii Beskrestnov က အဆိုပါ အဆင့်မြှင့်တင်ထားသောဒရုန်းကို စိစစ်ခွဲခြားဖော်ထုတ်နိုင်ခဲ့သည်။ ရုရှားတပ်ဖွဲ့များသည် ယူကရိန်း လေကြောင်းတပ်ဖွဲ့များကို တုံ့ပြန်ရန်အတွက် Shahed ဒရုန်းပေါ်တွင် မြေပြင်မှဝေဟင်ပစ် ပခုံးထမ်းဒုံးကျည်စနစ်ကို တပ်ဆင်ထားခြင်းဖြစ်သည်ဟု ၎င်းက ထောက်ပြပြောဆိုခဲ့သည်။

အဆိုပါ Shahed ဒရုန်းတွင် ကင်မရာတစ်လုံးနှင့် ရေဒီယိုမိုဒမ်တစ်ခုတပ်ဆင်ထားပြီး ရုရှားနိုင်ငံအတွင်းရှိ အော်ပရေတာက ဒုံးကျည်ပစ်ခတ်မှုကို ထိန်းချုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ ၎င်းက ယူကရိန်းလေကြောင်းတပ်ဖွဲ့ဝင်များထံသို့ ခြိမ်းခြောက်မှုအသစ်နှင့်ပတ်သက်၍ တိုက်ရိုက်သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"Shahed ဒရုန်းမှာ ကင်မရာနဲ့ ရေဒီယိုမိုဒမ် တပ်ဆင်ထားပါတယ်။ ဒုံးကျည်ပစ်ခတ်မှုကို ရုရှားဖက်ဒရေးရှင်းနယ်မြေထဲကနေ ထိန်းချုပ်နေတဲ့ Shahed ပိုင်းလော့ကလုပ်ဆောင်တာပါ။ ကျွန်တော်တို့ရဲ့ လေကြောင်းပိုင်းလော့တွေအနေနဲ့ ဒီခြိမ်းခြောက်မှုအသစ်ကို သတိပြုပေးကြဖို့ တောင်းဆိုချင်ပါတယ်။ Shahed ဒရုန်းတွေနဲ့ မျက်နှာချင်းဆိုင်ချဉ်းကပ်တာကို ရှောင်ကြဉ်ဖို့နဲ့ အနီးအနားမှာ ပျံသန်းနေတဲ့ ဒရုန်းတွေကို ပိုမိုသတိထားဖို့ လိုအပ်ပါတယ်"ဟု Bestrestnov က ပြောကြားခဲ့သည်။

ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားအသုံးပြုနေသည့် တာဝေးတိုက်ခိုက်ရေးဒရုန်းများ၏ ပုံသဏ္ဍာန်ပြောင်းလဲလာမှုတွင် ထူးခြားသောတိုးတက်ဖွံ့ဖြိုးမှုတစ်ခုဖြစ်သည်။ အီရန်ဒီဇိုင်းကိုအခြေခံ၍ ရုရှားတွင် ထုတ်လုပ်မွမ်းမံထားသည့် Shahed ဒရုန်းများကို ယခင်က ယူကရိန်း၏ အခြေခံအဆောက်အအုံများနှင့် စစ်ဘက်ပစ်မှတ်များကို အသေခံတိုက်ခိုက်ရန်သာ အဓိကအသုံးပြုခဲ့သော်လည်း၊ ယခုအခါ လေကြောင်းရန်ကာကွယ်ရေးလက်နက်များ သယ်ဆောင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် ပြောင်းလဲအသုံးပြုလာခြင်းဖြစ်သည်။



ယခုကဲ့သို့ ပခုံးထမ်းဒုံးကျည်စနစ် ထပ်မံဖြည့်စွက်လိုက်ခြင်းသည် Shahed ဒရုန်းများကို ကြားဖြတ်ဖျက်ဆီးရန် သို့မဟုတ် စောင့်ကြည့်ရန် တာဝန်ပေးထားသည့် အနိမ့်ပျံလေယာဉ်များနှင့် ရဟတ်ယာဉ်များအတွက် စစ်ဆင်ရေးဆိုင်ရာအန္တရာယ်သစ်ကို ဖြစ်ပေါ်စေခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Russia arms Shahed strike drones with MANPADS** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ချောင်းဦး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ကေ ၅၉၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၀၀၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲကေ ၅၉၀၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၆၀၀၃ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော၊ ဆီထွက်သီးနှံအနေနဲ့ကော အောင်မြင်တဲ့အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)




# ညောင်လေးပင်မြို့နယ် တော်ပသီခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ညောင်လေးပင် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီး ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ တော်ပသီ ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မီမီအောင်က တော်ပသီ ခေတ်မီစံပြကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီး ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် (RBF) စီမံကိန်းရန်ပုံငွေများထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တော်ပသီ ခေတ်မီစံပြကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်မည့် အစုအဖွဲ့ (၄) ဖွဲ့အတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ တင်ပို့ရောင်းချတဲ့ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ပြီး ဝယ်ယူမှုကောင်းခဲ့ပါတယ်။ ဒေးဒရဲမြို့နယ်ကနေ ငါးစည်ဖောင်းခြောက်တွေ အပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်" ဟု ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။



ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက် တစ်ပိဿာချင်း ဈေးနှုန်းအနေဖြင့် ငါးရွှေ ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၈၅၀၀ မှ ၄၇၀၀၀၊ ငါးပုတ်သင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၀ စသည်ဖြင့် ငါးစည်ဖောင်းခြောက် အကြီးအသေး အပေါ်မူတည်ပြီး ဈေးနှုန်း အပြောင်းအလဲ ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများသည် နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး မိသားစုဝင်ငွေများ တိုးပွားလာစေရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၅၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **မောင်ခိုင်**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Maria Theresa Parreno Lazaro အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းတို့တက်ရောက်ကြပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုများ ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများကြီးမားစွာဖြစ်ပွားခဲ့ပြီး နိုင်ငံတော်၏အာဏာကို မတရားသောနည်းဖြင့်ရယူရန် ကြိုးပမ်းခဲ့မှုကြောင့် နိုင်ငံတော်၏ တာဝန်ကိုမလွှဲမရှောင်သာရယူခဲ့ရသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေးနှင့် မဲစာရင်းများမှန်ကန်မှုရှိစေရေးကြိုးတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ ပထမပိုင်းကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ကျန်ရှိသည့်မြို့နယ်များ၌ ရွေးကောက်ပွဲ အပိုင်း(၂) နှင့် အပိုင်း (၃)ကို ဆက်လက်ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲ အပိုင်း(၁)ကျင်းပပြုလုပ်ချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် ဖိလစ်ပိုင်နိုင်ငံမှလည်း ပါဝင်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ကောင်းမွန်သည့်သုံးသပ်မှုများကိုရရှိခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ရွေးကောက်ပွဲကျင်းပပြုလုပ်နေခြင်းသည် မြန်မာနိုင်ငံသားများအားလုံး၏ ဒီမိုကရေစီအခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ပေးသည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများခင်းကျင်းဆောင်ရွက်နေမှုတို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးတိုင်းဒေသကြီးအတွင်း အပိုင်း(၂)၌ပါဝင်သည့် မြို့နယ်များရှိ သတ်မှတ်နေရာများတွင်မဲရုံခင်းကျင်းထားမှုနှင့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ၌မဟာအောင်မြေမြို့နယ်ရှိ စိန်ပန်းရပ်ကွက် နိဗ္ဗာန်ဆိပ်ဦးဓမ္မာရုံတွင်မဲရုံအမှတ်(၁)၊ ရတနာဘုမ္မိအရှေ့ရပ်ကွက် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)၊ ဟေမမာလာတောင်ရပ်ကွက် အမှတ်(၂)အခြေခံပညာအလယ်တန်း(ထ-ခွဲ) တွင် မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)၊ မဟာမြိုင်ရပ်ကွက်(၁)စံပြဓမ္မာရုံတွင် မဲရုံအမှတ်(၁)၊ ရဲမွန်တောင်ရပ်ကွက် စံပြဓမ္မာရုံတွင် မဲရုံအမှတ်(၁)သို့လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိသင်ပန်းကုန်းရပ်ကွက် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မဲရုံအမှတ်(၇)၊ သင်ပန်းကုန်းရပ်ကွက် ဈေးဦးဓမ္မာရုံတွင် မဲရုံအမှတ်(၆)၊ အခြေခံပညာ အထက်တန်းကျောင်းခွဲလ(၂၄)တွင် မဲရုံအမှတ်(၁)၊ သင်ပန်းကုန်းရပ်ကွက် ပြည်ကြီးမာန်အောင်ဓမ္မာရုံတွင် မဲရုံအမှတ်(၃)၊ တံခွန်တိုင်ရပ်ကွက် နိဗ္ဗာနမုခဗိမာန်တော်တွင်မဲရုံအမှတ်(၇)သို့ လည်းကောင်း၊ အမရပူရမြို့နယ်ရှိ မှန်တန်းရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံတွင် မဲရုံအမှတ်(၇)၊ မှန်တန်းရပ်ကွက်အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံအမှတ်(၆)၊ ဆင်စွယ်ပွတ်ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံအမှတ်(၁)၊ နတ်ရေကန်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(နတ်ရေကန်)တွင် မဲရုံအမှတ်(၁)၊ မြစ်ငယ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂) သို့ သွားရောက်၍ မဲရုံခင်းကျင်းထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်မှ တာဝန်ရှိသူများကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) လုပ်ငန်းအတွေ့အကြုံများကို ပြန်လည်သုံးသပ်ကာ ပိုမိုကောင်းမွန်အောင် တိုးမြှင့် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ အပိုင်း(၂)ကိုအောင်မြင်စွာကျင်းပသွားနိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသူ၊ နိုင်ငံသားအားလုံးပါဝင်မဲပေးနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲပေးရာတွင် အချိန်ကြန့်ကြာမှုမရှိစေရေးနှင့်လွယ်ကူချောမွေ့စွာရှိစေရေးတို့ကိုအလေးထားကာ ဗဟိုကော်မတီ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ စနစ်တကျကြပ်မတ် ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း မှာကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)၌ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မတ္တရာမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ တံတားဦးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ် စုစုပေါင်း ကိုးမြို့နယ်ပါဝင်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၀၈၄၇၅၅ ဦးအတွက် မဲရုံပေါင်း ၁၀၇၃ ရုံကို စနစ်တကျဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



## စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁-၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

**(သတင်းစဉ်)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၆**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် “အရိန္ဒမာ” ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြို့နယ် ၁၀၂ မြို့နယ်တို့ရှိမဲရုံများသို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များအနက် ဆန္ဒမဲလာရောက်ပေးခဲ့မှုမှာ ၅၂ ဒသမ ၁၃ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပနေချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပသတင်းဌာနများနှင့် မီဒီယာအဖွဲ့အစည်းများက လာရောက်လေ့လာကြသည်ကိုလည်းတွေ့ရှိရကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မလိုလားသည့်အကြမ်းဖက်သမားများက ဆန္ဒမဲပေးခဲ့သည့် ပြည်သူများ ဆန္ဒမဲမပေးနိုင်ရန်အတွက် နှောင့်ယှက်ဟန့်တားခြိမ်းခြောက်ပစ်ခတ်တိုက်ခိုက်မှုအချို့ပြုလုပ်ခဲ့သော်လည်း ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း။

ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၂)နှင့် အပိုင်း(၃)တို့တွင် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာလုံခြုံမှုရှိစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပိုမိုလုံခြုံစိတ်ချကောင်းမွန်သော လုံခြုံရေးဆိုင်ရာအစီအမံများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့၊ဦးစီးဌာနများ အနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ထိထိရောက်ရောက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၏လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ် ကြေညာထားသည့်အတိုင်း ရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ်များအတွက် ဇန်နဝါရီ ၉ ရက် ည ၁၂ နာရီမှစ၍လည်းကောင်း၊ ရွေးကောက်ပွဲ အပိုင်း(၃)တွင်ပါဝင်သည့် မြို့နယ်များ အတွက် ဇန်နဝါရီ ၂၃ ရက် ည ၁၂ နာရီမှစ၍ လည်းကောင်း ရွေးကောက်ပွဲကျင်းပပြီးသည့်အချိန်ထိ ရပ်နားထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်သည့် ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက တိကျစွာလိုက်နာဆောင်ရွက်စေရေး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီအဆင့်ဆင့်က သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ဇန်နဝါရီ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)နှင့် ဇန်နဝါရီ ၂၅ ရက်တွင် အပိုင်း(၃)တို့ကို ကျင်းပသွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲ အပိုင်း(၁)၌တွေ့ကြုံခဲ့ရသည့် မဲပေးစက်ပိုင်းဆိုင်ရာ အားနည်းချက်များ၊ လုံခြုံရေးဆိုင်ရာ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး မဲပေးစက်အသုံးပြုခြင်းဆိုင်ရာအသိပညာပေးခြင်းများ၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့များ လုံလောက်စွာထားရှိနိုင်ရေး၊ မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ သတ်မှတ်ချိန်အတွင်း အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ထားရန်နှင့် လုံခြုံရေး ကျိုးပေါက်မှုမရှိစေရေးအတွက် လုံခြုံရေးစီမံချက်များပါအတိုင်း အင်အားဖြည့်တင်း၍ ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပျက်ပြားစေရန်နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများကိုဖော်ထုတ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၅ ရက်ထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ “ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေ”အရ အရေးယူဆောင်ရွက်မှု ၂၄၀ တွင် တရားခံအမျိုးသား ၂၇၅ ဦး၊ အမျိုးသမီးဦးရေ ၆၀ စုစုပေါင်း ၃၃၅ ဦးရှိခဲ့ပြီး ဆက်လက်၍ ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများကျူးလွန်နေသူများကို စုံစမ်းဖော်ထုတ်အရေးယူခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ပြည်နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲလုံခြုံရေးအတွက် မိမိနယ်မြေ အခြေအနေနှင့်ကိုက်ညီသည့် စီမံဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မိုင်းပန်မြို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၊ မဲရုံနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့ ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါမြို့ရှိ နယ်မြေခံတပ်ဌာနချုပ် အစည်းဝေးခန်းမ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး မဲစာရင်းများမှန်ကန်မှုရှိစေရေး၊ မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်များ သွားလာရေးအဆင်ပြေစေရန် မော်တော်ယာဉ်များစုဖွဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်များအတွက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများပြုလုပ်ရန် ပြင်ဆင်ထားရှိမှုနှင့် မဲရုံမီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲပေးရာတွင်ကြန့်ကြာမှုမရှိစေရေးအဆိုင်းနှစ်ဆိုင်းခွဲ၍ ကွန်ပျူတာ TABLET စနစ်များဖြင့် လွယ်ကူလျင်မြန်စွာ မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း လျာထားမဲရုံနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် မြို့နယ်အတွင်း လျာထားမဲရုံနေရာများကို ကြည့်ရှုစစ်ဆေးစဉ်။

## မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

၆ - ၁ - ၂၀၂၆

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်သည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘ်ဘွန်းထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခမ်းအနားကို ဆင်နွှဲကျင်းပနေချိန်တွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ချမ်းမြေ့ပါစေကြောင်းနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြောကြားလိုပါသည်။ နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားအတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကျယ်ပြန့်စွာမြှင့်တင်သွားရန် မိမိတို့၏အသင့်ရှိနေမှုကို ထပ်လောင်းပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စီဖီ ဂါအိဗ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း၊ အဆွေတော်အား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခွင့်အခါကြုံခိုက် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန်နှင့် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အဆွေတော်နှင့်အတူ လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပရောက်နိုင်ငံသားများနှင့် အာဖရိကရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာအာမက်အက်တက်ဖ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း ပြောကြားလိုပါသည်။

အခွင့်အခါကြုံခိုက် နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားအတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာစေရန်အတွက် အဆွေတော်နှင့်အတူ လက်တွဲဆောင်ရွက်သွားရန် မိမိအနေဖြင့် အသင့်ရှိကြောင်း ဝမ်းမြောက်စွာပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနက်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် ပြည်သူများထံသို့လည်းကောင်း လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်ကာလရှည်ကြာထူထောင်ထားသည့် ချစ်ကြည်ရင်းနှီးမှုကိုအလွန်တန်ဖိုးထားလျက်ရှိပါသည်။ နှစ်ပေါင်းများစွာကတည်းကပင် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ကောင်းမွန်သည့်ဆက်ဆံရေးကိုထူထောင်ထားရှိခဲ့ပြီး နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရန်အတွက် အတူတကွကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် အဆွေတော်နှင့် နီးကပ်စွာလက်တွဲ၍ နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်တွင် ပိုမိုခိုင်မာစွာပူးပေါင်းဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူများ ထာဝရငြိမ်းချမ်းပြီး သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရက်ဆုတ်ခ်ခွန်းထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် မြန်မာပြည်သူများအား လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား တူညီသောယဉ်ကျေးမှုနှင့် ဘာသာရေးအမွေအနှစ်များအပေါ်အခြေခံသော ကာလရှည်ကြာစွာ တည်ရှိခဲ့သည့်ချစ်ကြည်ရင်းနှီးမှုသည် အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုတို့ကြောင့် ပိုမိုခိုင်မာခဲ့ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာတွင် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်ရာတွင် မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းခိုင်မာလာစေရေးအတွက် မိမိအနေဖြင့် အဆွေတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၆

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H. E. Ms. Maria Theresa Parreno Lazaro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ည ၁၁ နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ ပထမအတွင်းဝန်၊ ကောင်စစ်ဝန် Mr.Alan Roi Q.Galoriola ၊ စစ်သံမှူး Col.Jose P.Navarro, Jr နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classicမော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Modelနှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကိုရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက် ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

❒ ကျောဖုံးမှအဆက်

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၃) | ဦးချန်တန်ခင် | ၁/နမန(နိုင်)၀၀၃၇၆၃ | နောင်မွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးငွါးဒီးယော် | ၁/မခဘ(နိုင်)၀၀၁၃၄၇ | ပူတာအိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးထက်အောင် | ၅/ခဥတ(နိုင်)၀၈၇၈၄၅ | မိုးညှင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးခက်ထိန်နန် | ၁/မကန(နိုင်)၀၆၉၄၂၉ | မြစ်ကြီးနားမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၇) | ဦးစိုးရယ် | ၂/ဘလခ(နိုင်)၀၀၀၂၈၄ | ဘောလခဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးမော်ရယ် | ၂/လကန(နိုင်)၀၄၈၂၆၁ | လွိုင်ကော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၉) | ဦးစောမြင့်ဦး | ၃/ကကရ(နိုင်)၁၆၄၆၁၂ | ဘားအံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးအေးမင်းထွေး | ၃/မဝတ(နိုင်)၀၁၆၉၈၇ | မြဝတီမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးစန်းကို | ၈/မကန(နိုင်)၀၀၀၄၇၃ | သံတောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဒေါ်ဆန်းစစ်ရှီး | ၅/လရန(နိုင်)၀၀၃၄၇၇ | လေရှီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | နာဂအမျိုးသားပါတီ |
| (၁၃) | ဦးဟာမန် | ၅/လဟန(နိုင်)၀၀၃၅၃၂ | လဟယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | နာဂအမျိုးသားပါတီ |
| (၁၄) | ဦးနောက်တွန်း | ၅/နယန(နိုင်)၀၀၆၅၁၉ | နန်းယွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | နာဂအမျိုးသားပါတီ |
| (၁၅) | ဦးမင်းဆွေ | ၅/ကလထ(နိုင်)၀၇၂၀၁၄ | ကလေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဒေါ်အေးအေးသန်း | ၅/ကသန(နိုင်)၀၇၀၂၉၅ | ကသာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၇) | ဦးသက်ကိုကိုကျော် | ၅/ကဘလ(နိုင်)၀၀၀၃၈၃ | ကန့်ဘလူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးမြတ်ကို | ၉/မမန(နိုင်)၀၇၃၈၀၄ | ခန္တီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | နာဂအမျိုးသားပါတီ |
| (၁၉) | ဦးမင်းမင်းဇေယျာမြင့် | ၅/ကသန(နိုင်)၀၀၀၈၁၆ | စစ်ကိုင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးတင့်လှိုင်မြင့် | ၅/မရန(နိုင်)၀၁၇၃၄၈ | မုံရွာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဒေါက်တာသောင်းနိုင် | ၅/ရဘန(နိုင်)၀၇၅၁၂၄ | ရွှေဘိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | စိုင်းစံလှစိုး | ၅/ဟမလ(နိုင်)၀၁၅၃၂၁ | ဟုမ္မလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနီ(တိုင်းလျှန်) သွေးစည်း ညီညွတ်ရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၃) | ဒေါက်တာဝင်းအောင် | ၁၂/ဗဟန(နိုင်)၀၁၄၂၃၄ | ကော့သောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးမြတ်ကို | ၁၂/မဂတ(နိုင်)၀၆၈၆၄၂ | ထားဝယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးအောင်ကျော်ကျော်ဦး | ၆/တသရ(နိုင်)၀၁၉၅၁၈ | ဘုတ်ပြင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးခိုင်ဦး | ၆/မအရ(နိုင်)၀၉၈၁၇၄ | မြိတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်သူ့ပါတီ |
| **ပဲခူးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၇) | ဦးသိန်းနိုင် | ၇/ညလပ(နိုင်)၀၁၂၅၈၀ | ညောင်လေးပင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးသန်းစိုး | ၇/တငန(နိုင်)၁၃၅၀၆၅ | တောင်ငူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးမြစိုး | ၇/နတလ(နိုင်)၀၀၀၂၈၃ | နတ်တလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးမျိုးဆွေဝင်း | ၇/ပခန(နိုင်)၀၀၈၀၈၇ | ပဲခူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးအောင်ချိုဦး | ၇/ပမန(နိုင်)၁၁၇၇၄၈ | ပြည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးနိုင်လင်းဆွေ(ခ) ဦးထွန်းထွန်းဦး | ၇/ရတန(နိုင်)၀၇၀၈၆၀ | ရွှေတောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးအောင်ကိုမင်း | ၇/မလန(နိုင်)၀၇၂၁၇၄ | လက်ပံတန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးရဲထွန်း | ၁၂/ကမရ(နိုင်)၀၁၆၂၇၂ | သာယာဝတီမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၃၅) | ဦးသန်းလှိုင် | ၈/ခမန(နိုင်)၁၀၇၇၇၁ | ချောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးအောင်နိုင်ဝင်း | ၈/ရနခ(နိုင်)၀၀၃၆၁၃ | ရေနံချောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးတင်မြင့်ဦး | ၈/ပခက(နိုင်)၀၁၁၈၁၃ | ပခုက္ကူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးလွှမ်းမိုးထက် | ၈/တတက(နိုင်)၂၄၄၅၆၇ | တောင်တွင်းကြီး မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဒေါက်တာမောင်မောင်ငွေ | ၉/မရတ(နိုင်)၁၀၄၅၂၂ | မကွေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးရန်နိုင်စိုး | ၈/ပဖန(နိုင်)၀၇၅၆၆၄ | ပွင့်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးကျော်ဝင်းမြင့် | ၈/မဘန(နိုင်)၀၈၀၀၇၂ | မင်းဘူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၂၁ သို့

# ဒီမိုကရေစီလိုလားသူ ပြည်သူများ၏ ဆန္ဒအမှန်

မြင်းခန့်

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကြောင်းမှာ အလွန်အရေးပါတဲ့ မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့တဲ့နေ့ရက်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပါတီစုံဒီမိုကရေစီကို အမှန်တကယ်လိုလားတဲ့ ပြည်သူတွေရဲ့ ဆန္ဒအမှန်တွေကို ပြတ်ပြတ်သားသား ပေါ်လွင်ထင်ရှားစွာ မြင်တွေ့ခဲ့ရတဲ့ သမိုင်းမှတ်တမ်းဝင်နေ့လို့လဲ ခေါ်ဆိုနိုင်ပါတယ်၊ အဲ့ဒီနေ့ မနက်စောစောကစပြီး ညနေ နေဝင်မိုးချုပ်ချိန်အထိ မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၀၂ မြို့နယ်က တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူတွေဟာ သူတို့ရဲ့ဆန္ဒအမှန်တွေကို အသည်းကြားက မဲတစ်ပြားနဲ့ ဖော်ထုတ်ပြသခဲ့ကြသလို သူတို့ရဲ့ အနာဂတ်နဲ့ တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းကောင်းများအတွက် ရွေးကောက်ခံအစိုးရတစ်ရပ် ပေါ်ပေါက်လာစေဖို့ ရည်ရွယ်ပြီး ရွေးကောက်ပွဲ အပိုင်း(၁) ပြုလုပ်တဲ့ မဲရုံတွေဆီကို ခြေဦးလှည့်ကာ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကျေပွန်ခဲ့ကြောင်း သက်သေပြခဲ့ကြပါတယ်။



ဖိအားမပါဘဲ ငြိမ်းချမ်းစွာလွတ်လွတ်လပ်လပ်မဲပေးနေသည့် ပြည်သူများကို တွေ့ရစဉ်။

ရွေးကောက်ပွဲ အပိုင်း(၁) အခြေအနေတွေဟာ အရင်ကပြုလုပ်ခဲ့တဲ့ သမားရိုးကျရွေးကောက်ပွဲ အခြေအနေတွေနဲ့မတူညီဘဲ ခြိမ်းခြောက်၊ ဟန့်တား၊ နှောင့်ယှက်တိုက်ခိုက်မှုတွေကြားထဲက ပါတီစုံဒီမိုကရေစီပန်းတိုင်ကို ရှေ့ဆက်လှမ်းနိုင်ဖို့အတွက် ရလဒ်ကောင်းတွေကို ဖော်ထုတ်ပြသခဲ့ခြင်းဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးကို မလိုလားသူတွေ၊ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ကို လိုရာဆွဲပုံဖော်ယူနေတဲ့ နိုင်ငံရေးအရေခြုံထားသူတွေအပြင် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေကြတဲ့ အကြမ်းဖက်သမားတွေရဲ့ နည်းလမ်းမျိုးစုံနဲ့ ခြိမ်းခြောက်၊ နှောင့်ယှက်မှုကို လုံးဝဂရုမစိုက်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုတွေကို လက်မခံနိုင်တော့တဲ့ ပြည်သူတွေဟာ သူတို့ရဲ့ဆန္ဒအစစ်အမှန်တွေကို ရွေးကောက်ပွဲအပိုင်း(၁)ကနေ ထုတ်ဖော်ပြသခဲ့ကြပါတယ်။

ရွေးကောက်ခံအစိုးရတစ်ရပ် ဖြစ်ပေါ်လာရင် နိုင်ငံရေးအကြောင်းပြ ကိုယ်ကျိုးရှာအတ္တသမားတွေအတွက် ရပ်တည်ဖို့ခက်ခဲမှာဖြစ်သလို လက်နက်ကိုင်လမ်းစဉ်နဲ့ နယ်တစ်နယ် ခံတစ်စင်း လုပ်ချင်တဲ့ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေအတွက်လဲ တိုင်းရင်းသားအရေးကိစ္စတွေကို တင်ပြနိုင်တဲ့ လွှတ်တော်ပေါ်ပေါက်လာပြီး ဘေးကျပ်နံကျပ်ဖြစ်မှာကို စိုးရိမ်နေကြလို့ ရွေးကောက်ပွဲကြီးမဖြစ်ပေါ်လာစေရေး၊ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုစေရေး၊ ဝေဖန်၊ ပုတ်ခတ်၊ ခြိမ်းခြောက်၊ တိုက်ခိုက်မှုတွေကို ဘက်ပေါင်းစုံက လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ရွေးကောက်ပွဲကော်မရှင်တို့က ဒီလိုဘက်ပေါင်းစုံက နှောင့်ယှက်၊ တိုက်ခိုက်မှုတွေကို ဥပဒေနဲ့အညီတုံ့ပြန်ခဲ့ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ ပြည်သူတွေအတွက် လုံခြုံစိတ်ချရတဲ့ အခြေအနေကို ဖန်တီးပေးခဲ့လို့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ဖိအားမပါဘဲ လွတ်လွတ်လပ်လပ်မဲပေးခွင့်ရတာကို မြင်တွေ့ခဲ့ကြရမှာဖြစ်ပါတယ်။

**ဒါ့ကြောင့် ရွေးကောက်ပွဲအပိုင်း(၁) မြင်ကွင်းကို ခြုံငုံကြည့်လိုက်မယ်ဆိုရင် ပါတီစုံဒီမိုကရေစီလိုလားသူ ပြည်သူများက ဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် မဖြစ်မနေလုပ်ရမယ့် ရွေးကောက်ပွဲလုပ်ငန်းကို အားတက်သရော လုပ်ဆောင်ပြသခဲ့ခြင်းဖြစ်သလို ဒီမိုကရေစီမလိုလားသူ အကြမ်းဖက်သမားများက နိုင်ငံရေးအရ တရားဝင်ရပ်တည်ပိုင်ခွင့်ရှိတဲ့ လွှတ်တော် မပေါ်ပေါက်လာစေရေးအတွက် ရွေးကောက်ပွဲကို နည်းလမ်းမျိုးစုံနဲ့ နှောင့်ယှက်ဟန့်တားခဲ့ကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီမိုကရေစီလိုလားသူ ပြည်သူတွေရဲ့ဆန္ဒနဲ့ ဒီမိုကရေစီမလိုလားသူ အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်တွေကို ကွဲပြားစွာမြင်တွေ့ရနိုင်ပြီး ရွေးကောက်ပွဲအပိုင်း(၁)ရလဒ်များအရ အကြမ်းဖက်သမားတွေရဲ့ ရွေးကောက်ပွဲ ဆန့်ကျင်ရေးလုပ်ရပ်များကို ပြည်သူလူထုက လုံးဝလက်မခံတော့တဲ့အတွက် ကျရှုံးခဲ့ကြောင်း ထင်ရှားစွာမြင်တွေ့ခဲ့ရပါတယ်။**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီမှာ စတင်ကျင်းပခဲ့ပါတယ်။ မဲရုံတွေဖွင့်တာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ ပြည်သူတွေဟာ စိတ်အားထက်သန်စွာနဲ့ တန်းစီပြီးစောင့်ဆိုင်းနေကြတာကို တွေ့ရတာဟာ တကယ့်ကို ကြက်သီးထစရာပါပဲ၊ အထူးသဖြင့် လူငယ်တွေပါ။ လူငယ်တွေအများကြီး ဆန္ဒမဲလာပေးကြတာကို တွေ့ရတော့ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar က **“မဲဆန္ဒပေးတဲ့ သူတွေထဲမှာ လူငယ်တွေအများအပြားတွေ့ရပါတယ်။ ဒါဟာ အရမ်းကိုကောင်းမွန်တဲ့အချက်ပါ”**လို့ ချီးကျူးသွားခဲ့ပါတယ်။ ဒါ့ပြင် **“မဲပေးတဲ့အထဲမှာ လူငယ်တွေများစွာတန်းစီပြီး မဲပေးနေတာကိုကြည့်ခြင်းအားဖြင့် ဒီနိုင်ငံရဲ့ အနာဂတ်ဟာ အတော်လှပနေပါပြီ”** လို့လဲ မှတ်ချက်ပြုခဲ့ပါတယ်။ ဒါဟာ ဘာကိုပြသနေသလဲဆိုတော့ နိုင်ငံရဲ့လူငယ်တွေဟာ လမ်းဘေးက အကြမ်းဖက်လမ်းစဉ်ကို ဆန့်ကျင်ပြီး ဥပဒေဘောင်အတွင်းက ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးချင်နေပြီဆိုတာ သက်သေပြလိုက်တာပဲဖြစ်ပါတယ်။

အဆိုးမြင်မီဒီယာအချို့က လူငယ်တွေ ရွေးကောက်ပွဲကို ဆန့်ကျင်နေပါတယ်လို့ ပြောနေချိန်မှာ နိုင်ငံတကာလေ့လာသူတွေကတော့ လူငယ်တွေ တန်းစီပြီး စိတ်အားထက်သန်စွာ မဲပေးနေကြတာကို မျက်ဝါးထင်ထင် တွေ့ခဲ့ရတာပါ။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဆိုရင်လဲ **“တန်းစီပြီး မဲပေးဖို့ မတ်တတ်ရပ်နေတာတွေ မြင်ရတာဟာ တကယ့်ကို ပြည်သူတွေက စိတ်ပါဝင်စားစွာ ကိုယ့်ရဲ့အနာဂတ်၊ ကိုယ့်ရဲ့မှန်ကန်တဲ့ အစိုးရကို ရွေးချယ်နေတယ်ဆိုတာ ကြည့်တာနဲ့ သိနိုင်ပါတယ်”**လို့ ပြောကြားခဲ့ပါတယ်။

နီကာရာဂွာ သံအမတ်ကြီး H. E. Mr. Mario Jose Armengol Campos ကိုယ်တိုင် မြေပြင်မှာလေ့လာပြီး **“လေ့လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံပြည်သူလူထုအနေနဲ့ လုံခြုံစွာမဲပေးနေတာကို မြင်ရပါတယ်၊ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ဆန္ဒအတိုင်းပေးတာကို တွေ့ခဲ့ရပါတယ်”** လို့ သက်သေခံပြောသွားတာရှိပါတယ်။ မဲပေးနေကြတဲ့ပြည်သူတွေရဲ့ မျက်နှာပေါ်က အပြုံးတွေ၊ တက်ကြွမှုတွေက ရွေးကောက်ပွဲကို ဖျက်ဆီးလိုသူတွေရဲ့ လုပ်ကြံသတင်းတွေကို အသံတိတ်ချေဖျက်လိုက်ပြီး အဆိုးမြင်မီဒီယာတွေရဲ့ အတင်းအဓမ္မဖိအားပေး မဲထည့်ခိုင်းတယ်ဆိုတဲ့ စွပ်စွဲချက်တွေဟာ လုပ်ကြံစွပ်စွဲချက်များသာဖြစ်ကြောင်း ဖော်ပြနေပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတုန်းက NLD အဖွဲ့ရဲ့ မဲမသမာမှုတွေနဲ့ အကြီးအကျယ် နာမည်ပျက်ခဲ့ရပြီး နိုင်ငံတကာမှာလဲ ရုပ်ပျက်ဆင်းပျက်အရှက်တကွဲဖြစ်ခဲ့ရတာတွေကို အတွေ့အကြုံသင်ခန်းစာရယူခဲ့တဲ့ နိုင်ငံတော်အစိုးရဟာ ဒီတစ်ကြိမ်မှာတော့ စနစ်တကျ ပြင်ဆင်ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ အစိုးရဆန့်ကျင်ဘက်မီဒီယာတွေက ဘယ်လိုပဲစွပ်စွဲပါစေ၊ လက်တွေ့မဲပေးခဲ့တဲ့ ပြည်သူတွေရဲ့ ရင်ထဲကစကားသံတွေကို နားထောင်ကြည့်မယ်ဆိုရင် အဖြေမှန်ကိုသိရမှာပါ။ ပျဉ်းမနားမြို့က ပထမဆုံးမဲပေးဖူးတဲ့ ဆယ်ကျော်သက်အရွယ်အမျိုးသမီးငယ်လေးတစ်ယောက်ကဆိုရင် **“နိုင်ငံသားတစ်ယောက်ရဲ့တာဝန် ကျေပွန်သွားပြီလို့ ခံစားမိပါတယ်၊ လူငယ်တွေအတွက်အကျိုးပြုမယ့်ခေါင်းဆောင်ကောင်းကိုလဲ အများကြီးမျှော်လင့်ထားပါတယ်”**လို့ ရင်ဖွင့်သွားပါတယ်။ ဒါဟာ လုပ်ဇာတ်ခင်းထားတဲ့ စကားလုံးတွေ မဟုတ်ပါဘူး။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး တိုးတက်ဖို့အတွက် ရိုးသားစွာမျှော်လင့်ချက်ထားပြီး မဲပေးကြတဲ့ပြည်သူတွေရဲ့ စစ်မှန်တဲ့သဘောထားတွေပါ။ သူတို့တွေဟာ လေလှိုင်းပေါ်က အဖျက်စကားတွေကို နားမယောင်ဘဲ ကိုယ့်ရဲ့ယုံကြည်ချက်အတိုင်း မဲရုံတွေကို သွားရောက်ခဲ့ကြတာဖြစ်ပါတယ်။

ဒီတစ်ခေါက်ရွေးကောက်ပွဲရဲ့ ထူးခြားချက်ကတော့ ရွေးကောက်ပွဲတစ်ရပ်ရဲ့ အရေးကြီးဆုံးဖြစ်တဲ့ မဲလက်မှတ်မှားယွင်းမှုမရှိစေရေးနဲ့ မဲအရေအတွက်ကို မဲမသမာမှုတွေ လုပ်လို့မရအောင် နည်းပညာနဲ့ အကာအကွယ်ပေးထားတာဖြစ်ပါတယ်။ အဆိုးမြင်မီဒီယာတွေက မဲမသမာမှုတွေရှိနေနိုင်တယ်လို့ သံသယဝင်အောင် လှုံ့ဆော်ရေးသားနေကြပေမယ့် တကယ်တမ်းကျတော့ ဒီရွေးကောက်ပွဲမှာ မြန်မာပညာရှင်တွေကိုယ်တိုင် ထုတ်လုပ်ထားတဲ့ Myanmar Electronic Voting Machine (MEVM) ကို အသုံးပြုခဲ့တာပါ။ ဒီစက်တွေအကြောင်းကို ဗီယက်နမ်နိုင်ငံအခြေစိုက် နီကာရာဂွာသံအမတ်ကြီး H. E. Mr. Mario Jose Armengol Campos က **“Electronic Voting Machine နဲ့ပတ်သက်ပြီး ကောင်းတဲ့ Idea လို့ ကျွန်တော်မြင်ပါတယ်၊ ဒီစက်ကို အသုံးပြုခြင်းအားဖြင့် ပိုမိုလျင်မြန်စွာမဲပေးနိုင်ပြီးတော့ ရလဒ်တွေကိုလဲ ပိုမိုလျင်မြန်စွာရရှိနိုင်မယ်”**လို့ ချီးကျူးပြောဆိုခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှင်းပြခဲ့သလိုပဲ ဒီစက်တွေဟာ အင်တာနက်၊ Wi-Fi၊ Bluetooth ဘာနဲ့မှချိတ်ဆက်ထားခြင်းမရှိဘဲ Stand-alone အသုံးပြုတာဖြစ်လို့ပြင်ပကHack လုပ်တာ၊ နှောင့်ယှက်တာတွေ လုပ်လို့မရပါဘူး။ ဒါ့ပြင် ပယ်မဲမရှိတော့ဘူး၊ မဲရလဒ်တွေ တိကျမှန်ကန်မယ်ဆိုတဲ့ အာမခံချက်လဲ ရှိနေပြန်ပါတယ်။ ဒါဟာ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့ အဓိကသော့ချက်ပါပဲ။ ပြီးတော့ ရွေးကောက်ပွဲစနစ်ကိုလဲ ယခင်ကလို နိုင်သူအကုန်ယူစနစ် (FPTP) တစ်ခုတည်း မဟုတ်တော့ဘဲ အချိုးကျကိုယ်စားပြုစနစ်(PR) နဲ့ ပေါင်းစပ်ထားတဲ့ MMP စနစ်ကို ပြောင်းလဲကျင့်သုံးထားပါတယ်။ ဒီရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီ ၅၇ ပါတီက ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးတောင် ဝင်ရောက်ယှဉ်ပြိုင်နေကြတာပါ။ ဒါကိုကြည့်ရင် ဒီရွေးကောက်ပွဲဟာ အားလုံးပါဝင်နိုင်ရေးကို ဦးတည်ထားတယ်ဆိုတာ ထင်ရှားနေပါတယ်။

**ပြည်သူတွေအနေနဲ့ကလဲ ဒီမိုကရေစီရဲ့ အနှစ်သာရကို ကောင်းကောင်းနားလည်သဘောပေါက်လာကြပြီလို့ ပြောလို့ရပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်လဲ မဲပေးပြီးနောက်မှာ သတင်းထောက်တွေကို ဖြေကြားသွားတာ မှတ်သားစရာပါပဲ။ “ပါတီစုံဒီမိုကရေစီစနစ် လက်ခံတယ်လို့ပြောထားရင် ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ ရွေးကောက်ပွဲကို တကယ်လုပ်ဖို့ကောင်းကြောင်း၊ မဲမပေးဘူးဆိုရင် သူဟာ ဒီမိုကရေစီစနစ်ကို အပြည့်အဝနားမလည်ဘူးလို့ ယူဆပါတယ်လို့” ပြောကြားခဲ့ပါတယ်။ အကြမ်းဖက်သမားတွေရဲ့ လှုံ့ဆော်မှုတွေကို နားယောင်ပြီး မဲမပေးသူတွေ၊ ကိုယ်ထောက်ခံအားပေးတဲ့ ပါတီ၊ လူပုဂ္ဂိုလ်မပါဝင်လို့ တစ်ဖက်ပိတ်ပြီး မဲမပေးသူတွေဟာ ဒီမိုကရေစီရေချိန်နိမ့်ပါးပြီး နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်နဲ့ ရပိုင်ခွင့်တွေကို နားမလည်သူများသာဖြစ်ပါတယ်။**

စာမျက်နှာ ၂၁ သို့

**စာမျက်နှာ ၂၀ မှအဆက်**

အခုရွေးကောက်ပွဲ အပိုင်း(၁)မှာ နိုင်ငံရေးရေချိန် နိမ့်ပါးလို့ မဲပေးပိုင်ခွင့်ရှိသူတွေထဲက မဲလာမပေးသူ တွေရှိနိုင်သလို အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက် မှုတွေကြောင့် အသက်အန္တရာယ်ကိုစိုးရိမ်ပြီး မဲလာ မပေးသူတွေလဲ ရှိနိုင်ပါတယ်။ ဒါပေမဲ့လဲ **ရွေးကောက်ပွဲ ကော်မရှင်ရဲ့ ထုတ်ပြန်ချက်အရ No Vote လုပ်သူများ ထက် ခြိမ်းခြောက်မှု၊ ဟန့်တားမှုများ ကြားကနေ မဲလာပေးသူတွေ ရာခိုင်နှုန်းပိုမိုများပြားနေခြင်းဟာ တည်ငြိမ်အေးချမ်းရေးကို လိုလားနေတဲ့ ပြည်သူတွေ ရဲ့ ဆန္ဒအမှန်ကို ထင်ရှားစွာပြသနေခြင်းဖြစ်ပါတယ်။**

**ထင်ရှားတဲ့အချက်တစ်ချက်ကတော့ အဖျက် သမားတွေရဲ့ No Vote လှုပ်ရှားမှုတွေဟာ လက်တွေ့ မှာ သူတို့မျှော်လင့်သလိုဖြစ်မလာဘဲ ရွေးကောက်ပွဲ က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးဆုံးသွားခဲ့သလို၊ ဆန့်ကျင် သူတွေရဲ့ ရှုံးနိမ့်မှုကိုသာ မီးမောင်းထိုးပြလိုက်သလို ဖြစ်သွားပါတယ်။ No Vote လုပ်လိုက်တာက ကိုယ့် အတွက် အမြတ်ထွက်တာလား၊ ဒါမှမဟုတ် ရွေးချယ် ခွင့်ရှိနေတုန်းမှာ နိုင်ငံကိုအကျိုးပြုနိုင်မယ့် ပါတီကို မဲထည့်ပြီး ရွေးချယ်လိုက်တာက အမြတ်လားဆိုတာ ပြည်သူတွေအနေနဲ့ သေချာချင့်ချိန်စဉ်းစားကြဖို့ အချိန်ရောက်ပါပြီ။ အပိုင်း(၁)ကတော့ ပြီးသွားပြီဆိုပေ မယ့် အချိန်မနှောင်းသေးပါဘူး။ ကျန်ရှိနေသေးတဲ့ ရွေးကောက်ပွဲ အပိုင်း(၂)နဲ့ အပိုင်း(၃)တွေမှာ ဆန္ဒမဲ ထည့်ဝင်ဖို့အကျုံးဝင်နေသေးတဲ့ ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲအပိုင်း(၁)က အခြေအနေတွေကို နမူနာ ယူပြီး မိမိတို့နှစ်သက်ရာပါတီနဲ့ ကိုယ်စားလှယ်တွေ ကို မဲပေးရွေးချယ်ခြင်းဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းကို အတူတကွပါဝင်လျှောက်လှမ်း ကြဖို့ အခွင့်အရေးရှိနေပါသေးတယ်။ ဒါကြောင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့စိတ်ဆန္ဒ အမှန် တကယ်ရှိတဲ့ နိုင်ငံသားကောင်းတွေအနေနဲ့ နိုင်ငံရေး မှိုင်းမိပြီး ကိုယ့်အခွင့်အရေးကို အဆုံးရှုံးမခံဘဲ ဆန္ဒမဲ ပေးကြဖို့ အလေးအနက်ထားတိုက်တွန်းလိုပါတယ်။**

ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သက်ဝင် ယုံကြည်ပြီး လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ် အစား နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်း လိုတဲ့ နိုင်ငံရေးသမားတွေကို ရွေးကောက်ပွဲမဝင်နဲ့ ဆိုပြီး ခြိမ်းခြောက်တာတွေ၊ ပါတီရုံးတွေကို ဗုံးခွဲတာ တွေ၊ မဲရုံဧရိယာကို ဒရုန်းနဲ့ ဗုံးကြဲတာတွေ၊ မဲလာပေး မယ့် ပြည်သူတွေ စိုးရိမ်ကြောက်လန့်သွားအောင် မဲပေးရမယ့် မနက်ပိုင်းမှာ ရှော့တိုက်ဒုံးတွေ၊ လက်နက် ကြီးတွေနဲ့ မြို့ရွာတွေကို ပစ်ခတ်တိုက်ခိုက်ခဲ့မှုတွေ ဟာ အကြမ်းဖက်လုပ်ရပ်များဖြစ်ပါတယ်။ ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူတွေရဲ့ နိုင်ငံသားတစ်ယောက်ရပိုင်ခွင့်ကို နှောင့်ယှက်တိုက်ခိုက်တာဖြစ်လို့ ဒီအကြမ်းဖက်သမား တွေရဲ့ လုပ်ရပ်တွေကသာ လူ့အခွင့်အရေးချိုးဖောက် မှုအစစ်အမှန်ပဲဖြစ်ပါတယ်။

ပြည်သူအများ လိုလားတောင့်တနေတဲ့ ပါတီစုံ ဒီမိုကရေစီစနစ် ပေါ်ပေါက်လာစေရေး မဖြစ်မနေ ဖြတ်သန်းကြရမယ့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ဝေဖန်၊ တိုက်ခိုက်၊ ဆန့်ကျင်နေတဲ့အဖွဲ့အစည်းတွေနဲ့ ရွေးကောက်ပွဲကြီး မပျက်ပျက်အောင် နည်းမျိုးစုံနဲ့ ဖျက်ဆီးနေကြတဲ့ အကြမ်းဖက်သမားတွေရှိသလို ဒီမိုကရေစီရဲ့ အနှစ်သာရကို နားလည်ပြီး မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ နိုင်ငံပေါင်း ကိုး နိုင်ငံ၊ ပြည်တွင်းအခြေစိုက်သံရုံး ၁၄ ရုံးမှ လေ့လာ စောင့်ကြည့်သူတွေအပြင် နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူ ၁၃၉ ဦးဟာ မြန်မာ့မြေပေါ် ကို ကိုယ်တိုင်လာရောက်ပြီး ရွေးကောက်ပွဲကို စောင့်ကြည့်ခဲ့ကြပါတယ်။ ဒ့ါပြင် နိုင်ငံတကာ သတင်းမီဒီယာ ၆၁ ခုမှ သတင်းသမား ၂၁၅ ဦးနဲ့ ပြည်တွင်းသတင်းမီဒီယာ ၅၂ ခုမှ သတင်းသမား ၁၁၇၇ ဦးတို့ကလဲ နိုင်ငံတော်အစိုးရရဲ့ ပွင့်လင်း မြင်သာမှုရှိတဲ့ ရွေးကောက်ပွဲမှာ တက်ရောက်သတင်း ရယူခဲ့ကြပါတယ်။ သူတို့ရဲ့ စောင့်ကြည့်လေ့လာမှု၊ မှတ်ချက်ပြုပြောဆိုချက်တွေဟာ သိက္ခာရှိတဲ့ ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုနိုင်ရေး လုံလောက်တဲ့သက်သေတွေပဲဖြစ်ပါတယ်။

**❖ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအပေါ် အပြုသဘော ဆောင်လာတဲ့အထဲမှာ အမေရိကန်နိုင်ငံရဲ့ မူဝါဒပြောင်းလဲလာမှု အရိပ်အယောင်တွေကလဲ ထူးခြားမှုတစ်ခုအနေနဲ့ ပါဝင်လာပါတယ်။ Real Clear Defense မှာ အမေရိကန် အငြိမ်းစား ဗိုလ်မှူးကြီးတစ်ဦးက အခုကျင်းပမယ့် ရွေးကောက်ပွဲဟာ ဆယ်စုနှစ်များစွာ ကြာရပ်တန့်နေခဲ့တဲ့ အမေရိကန်-မြန်မာ ဆက်ဆံရေးကို ပြန်လည်ညှိနှိုင်းပုံဖော်ဖို့ အခွင့် အလမ်းတစ်ရပ်ဖြစ်လာနိုင်တယ်လို့ ဆိုထားပါတယ်။ ဒ့ါပြင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး Rubio ကိုယ်တိုင်ကလဲ ရွေးကောက်ပွဲလုပ်ငန်းစဉ်ရဲ့ တရားမျှတမှု၊ ဒီမိုကရေစီ တန်ဖိုး စတာတွေနဲ့ပတ်သက်ပြီး အမြင်သဘောထားထုတ်ဖော်ပြောကြားတာကို ရှောင်ရှား မယ်လို့ဆိုထားတာကြောင့် အမေရိကန်အနေနဲ့ အရင်လိုပိတ်ဆို့အရေးယူတာထက် မြန်မာနိုင်ငံရဲ့ မဟာဗျူဟာမြောက်အရေးပါမှုအပေါ်မူတည်ပြီး လက်တွေ့ကျကျပူးပေါင်း ဆောင်ရွက်ဖို့ ဦးလှည့်လာမယ့်အလားအလာတွေကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ ❖**

အပိုင်း(၁) ရွေးကောက်ပွဲဟာ လွတ်လပ်ပွင့်လင်း မှုနဲ့ တရားမျှတမှုရှိတယ်ဆိုတာကို ကမ္ဘာ့ထိပ်သီး နိုင်ငံကြီးတွေကအစ အသိအမှတ်ပြုလက်ခံပေးကြ တာကလဲ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူး ကိုယ်စားလှယ် Mr. Deng Xijun ဆိုရင် **“ရွေးကောက် ပွဲမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေက လဲ လုပ်ငန်းဆောင်ရွက်တာ မှန်ကန်တိကျကောင်းမွန် တာကို တွေ့ရပါတယ်၊ အခုကျင်းပတဲ့ ရွေးကောက်ပွဲ အပိုင်း(၁) အဆင်ပြေချောမွေ့ပြီး တည်ငြိမ်အေးချမ်း နေတာကို တွေ့ရပါတယ်”**လို့ မှတ်ချက်ပြုခဲ့ပါတယ်။ ဘယ်လာရုစ်လွှတ်တော်အမတ် Mr. Shpakouski Aliaksandr ကလဲ “ရွေးကောက်ပွဲများသည် တရားဝင်နိုင်ငံရေးလုပ်ငန်းစဉ်ရဲ့ တစ်ခုတည်းသော မှန်ကန်တဲ့လမ်းစဉ်ဖြစ်ကာ အာဏာတည်ဆောက်မှု၊ လွှတ်တော်ကျင်းပနိုင်မှုမှာ သန့်ရှင်းသော ယှဉ်ပြိုင် မှုဖြစ်တယ်လို့ ကျွန်ုပ်တို့ယုံကြည်ပါတယ်”လို့ အတိ အလင်းပြောကြားခဲ့ပါတယ်။ ဒါတွေဟာ နိုင်ငံတကာ အသိုင်းအဝိုင်းက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင် ရေးလမ်းကြောင်းမှန်ကို အသိအမှတ်ပြုနေတယ် ဆိုတဲ့ သက်သေတွေပါပဲ။

နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအပေါ် အပြုသဘောဆောင်လာတဲ့ အထဲမှာ အမေရိကန်နိုင်ငံရဲ့ မူဝါဒပြောင်းလဲလာမှု အရိပ်အယောင်တွေကလဲ ထူးခြားမှုတစ်ခုအနေနဲ့ ပါဝင်လာပါတယ်။ Real Clear Defense မှာ အမေရိကန်အငြိမ်းစား ဗိုလ်မှူးကြီးတစ်ဦးက အခု ကျင်းပမယ့် ရွေးကောက်ပွဲဟာ ဆယ်စုနှစ်များစွာ ကြာရပ်တန့်နေခဲ့တဲ့ အမေရိကန်-မြန်မာ ဆက်ဆံရေး ကို ပြန်လည်ညှိနှိုင်းပုံဖော်ဖို့ အခွင့်အလမ်းတစ်ရပ် ဖြစ်လာနိုင်တယ်လို့ ဆိုထားပါတယ်။ ဒ့ါပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Rubio ကိုယ်တိုင် ကလဲ ရွေးကောက်ပွဲလုပ်ငန်းစဉ်ရဲ့ တရားမျှတမှု၊ ဒီမိုကရေစီတန်ဖိုး စတာတွေနဲ့ပတ်သက်ပြီး အမြင် သဘောထားထုတ်ဖော်ပြောကြားတာကို ရှောင်ရှား မယ်လို့ ဆိုထားတာကြောင့် အမေရိကန်အနေနဲ့ **အရင်လိုပိတ်ဆို့အရေးယူတာထက် မြန်မာနိုင်ငံရဲ့ မဟာဗျူဟာမြောက် အရေးပါမှုအပေါ်မူတည်ပြီး လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ဖို့ ဦးလှည့် လာမယ့် အလားအလာတွေကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။**

ဒါကြောင့် အကြမ်းဖက်သမားတွေအနေနဲ့ လူမှု ကွန်ရက်မီဒီယာတွေကနေပြီး ဘယ်လိုပဲခြိမ်းခြောက် နေပါစေ၊ မြန်မာပြည်သူတွေကတော့ ကိုယ့်ရဲ့ ကံကြမ္မာကို ကိုယ်ဖန်တီးဖို့ ဆုံးဖြတ်ချက်ခိုင်မာနေ ပြီဆိုတာ ရွေးကောက်ပွဲအပိုင်း(၁) မြင်ကွင်းတွေက သက်သေပြလိုက်ပါပြီ။ **ဒီဇင်ဘာ ၂၈ ရက် မနက်ခင်း မှာ မြင်တွေ့ခဲ့ရတဲ့ မဲရုံဆီသို့ဦးတည်ခဲ့ကြတဲ့ ပြည်သူ တွေရဲ့ခြေလှမ်းတွေဟာ ရိုးရှင်းတဲ့လမ်းလျှောက်ခြင်း သက်သက်မဟုတ်ပါဘူး။ သူတို့ခြေလှမ်းတိုင်းဟာ အကြမ်းဖက်လမ်းစဉ်နဲ့ အဖျက်အမှောင့်လုပ်ရပ်တွေ ကိုပြတ်ပြတ်သားသားငြင်းပယ်ပြီး တည်ငြိမ်အေးချမ်း မှုနဲ့ တရားဥပဒေစိုးမိုးမှုကို လိုလားကြောင်း ကမ္ဘာ သိအောင် သက်သေပြလိုက်တဲ့ သမိုင်းဝင်ခြေလှမ်း တွေပဲဖြစ်ပါတယ်။**

အခုဆိုရင် ရွေးကောက်ပွဲအပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါပြီ။ ရှေ့ဆက်ပြီးတော့လဲ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှာ မြို့နယ် ၁၀၀ နဲ့ အပိုင်း(၃)ကို ဇန်နဝါရီ ၂၅ ရက်မှာ မြို့နယ် ၆၃ မြို့နယ် တို့တွင် ဆက်လက်ကျင်းပသွားအုံးမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကြီး ပြီးဆုံးသွားတာနဲ့ လွှတ်တော် အသစ် ပေါ်လာမယ်၊ အစိုးရအသစ်ဖွဲ့စည်းနိုင်မယ်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အတွက် ဆက်လက်ဖော်ဆောင်နိုင်မယ်လို့ ပြည်သူ အားလုံးက ယုံကြည်မျှော်လင့်နေကြပါတယ်။

မဲပေးခြင်းဟာ နိုင်ငံသားတစ်ယောက်ရဲ့ အခွင့် အရေးတင်မကဘဲ တာဝန်တစ်ရပ်လဲဖြစ်ပါတယ်။ မဲပေးခဲ့ကြတဲ့ ပြည်သူတစ်ဦးချင်းစီရဲ့ လက်သန်းက မင်ရောင်တွေဟာ ဒီမိုကရေစီအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ပါဝင်ခဲ့ခြင်းရဲ့ ဂုဏ်ယူစရာ သင်္ကေတတွေ ပါပဲ။ ပြည်သူတစ်ဦးချင်းစီရဲ့ မဲလက်မှတ်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီး မယ့် အုတ်မြစ်များဖြစ်သလို၊ မဲရုံဆီသို့ လှမ်းချီခဲ့တဲ့ ခြေလှမ်းတိုင်းဟာလဲ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်နေတာ အသေအချာပါပဲ။ ဒါကြောင့် ကျန်ရှိနေသေးတဲ့ ရွေးကောက်ပွဲ အပိုင်း(၂)နဲ့ အပိုင်း(၃)မှာလဲ မိမိတို့ရဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ ခိုင်မာပြတ်သားတဲ့ ခြေလှမ်းတွေနဲ့အတူ မဲရုံတွေဆီသို့ ဆက်လက်ချီတက် ကြပါစို့လို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

**စာမျက်နှာ ၁၉ မှအဆက်**

| | | | | |
|---|---|---|---|---|
| (၄၂) | ဦးကျော်ကျော် | ၈/သရန(နိုင်)၀၀၃၉၇၃ | သရက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးစန်းလွင် | ၈/မထန(နိုင်)၀၃၅၀၄၁ | အောင်လံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**မန္တလေးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၄၄) | ဦးစိုးစိုးထွန်း | ၉/ကဆန(နိုင်)၁၀၈၆၆၆ | ကျောက်ဆည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၅) | ဦးစိန်တိုး | ၉/ညဥန(နိုင်)၀၇၁၈၀၈ | ညောင်ဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၆) | ဦးဝင်းဇော် | ၉/ကဆန(နိုင်)၁၀၇၈၃၂ | ပြင်ဦးလွင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) | ဦးကိုကိုထွေး | ၉/မရတ(နိုင်)၀၀၇၈၃၆ | ချမ်းအေးသာစံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဦးအောင်ကျော်မိုး | ၁၃/ကလန(နိုင်)၀၁၈၁၇၀ | မိတ္ထီလာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | ဦးအောင်နိုင်ညွန့် | ၉/ပဘန(နိုင်)၀၀၅၇၂၁ | ပျော်ဘွယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၀) | ဦးကျော်မြင့် | ၉/ရမသ(နိုင်)၀၀၂၂၁၉ | ရမည်းသင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) | ဦးမျိုးအောင် | ၉/မနမ(နိုင်)၀၉၃၅၃၅ | အောင်မြေသာစံ မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | တနိုင်း | | | ၁၂၂၂၇ | ၂၈၃၆ | ၁၅၀၆၃ | |
| | | ဦးကောင်ဆိုင်းလ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၃၈၃ | ၂၅၃၈ | ၇၉၂၁ | ၅၂.၅၈% |
| | | ဦးစိန်းယုံ | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၅၃၁ | ၁၆၄ | ၂၆၉၅ | ၁၇.၈၉% |
| | | ဦးငွါမော်ဖော် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၈၄ | ၃၁ | ၂၆၁၅ | ၁၇.၃၆% |
| | | ဦးဘရန်ဆိုင်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၁၂၂ | ၇၅ | ၁၁၉၇ | ၇.၉၅% |
| | | ဒေါ်ငွါဆူးကျို | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၀၇ | ၂၈ | ၆၃၅ | ၄.၂၂% |
| ၂ | ခေါင်လန်ဖူး | | | ၄၃၇၄ | ၂၉၅ | ၄၆၆၉ | |
| | | ဦးဖီရမ်ဆားရ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၇၁ | ၁၅၈ | ၂၁၂၉ | ၄၅.၆၀% |
| | | ဦးယဲဆာယဲ့ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၀၃ | ၆၃ | ၁၀၆၆ | ၂၂.၈၃% |
| | | ဒေါ်ခေါ်ဒုထီရှင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၂ | ၃၇ | ၇၇၉ | ၁၆.၆၈% |
| | | ဦးမဖန်းသိန်းအောင်(ခ)ခင်ရမ် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၄၃၀ | ၁၈ | ၄၄၈ | ၉.၆၀% |
| | | ဦးစိခန်ရမ် | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂၈ | ၁၉ | ၂၄၇ | ၅.၂၉% |
| ၃ | နောင်မွန်း | | | ၂၄၆၅ | ၃၇၂ | ၂၈၃၇ | |
| | | ဦးချန်တန်ခင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၆ | ၃၆၅ | ၂၅၃၁ | ၈၉.၂၁% |
| | | ဦးငွါးယော်ဆာ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၉ | ၇ | ၃၀၆ | ၁၀.၇၉% |
| ၄ | ပူတာအို | | | ၁၉၈၄၅ | ၂၂၂၃ | ၂၂၀၆၈ | |
| | | ဦးငွါးဒီးယော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇၃၁ | ၁၃၀၄ | ၇၀၃၅ | ၃၁.၈၈% |
| | | ဦးအားချယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၅၉၇ | ၁၉၃ | ၄၇၉၀ | ၂၁.၇၁% |
| | | ဦးလယ်မယ်ဟန်နီ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၃၅၅ | ၁၂၈ | ၃၄၈၃ | ၁၅.၇၈% |
| | | ဦးအမ်ထင်ဆန်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၇၈၀ | ၂၉၀ | ၃၀၇၀ | ၁၃.၉၁% |
| | | ဦးအာမိုးဆီ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၉၁ | ၂၃၄ | ၂၇၂၅ | ၁၂.၃၅% |
| | | ဦးလလောန် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၉၁ | ၇၄ | ၉၆၅ | ၄.၃၇% |
| ၅ | မိုးညှင်း | | | ၃၂၂၀၀ | ၄၃၈၉ | ၃၆၅၈၉ | |
| | | ဦးထက်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၉၂၁ | ၃၀၈၇ | ၁၅၀၀၈ | ၄၁.၀၂% |
| | | ဦးသိန်းနိုင်အောင်ဝေ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၇၄၃ | ၇၉၀ | ၁၂၅၃၃ | ၃၄.၂၅% |
| | | ဦးကျော်လွင် | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၄၁ | ၃၉၉ | ၆၀၄၀ | ၁၆.၅၁% |
| | | ဦးယိမ်းခေါ် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၈၉၅ | ၁၁၃ | ၃၀၀၈ | ၈.၂၂% |
| ၆ | မြစ်ကြီးနား | | | ၄၈၇၂၇ | ၆၂၂၂ | ၅၄၉၄၉ | |
| | | ဦးခက်ထိန်နန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၂၆၉ | ၅၄၇၄ | ၃၀၇၄၃ | ၅၅.၉၅% |
| | | ဒေါ်ခင်ခင်သော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၅၃၇ | ၁၇၄ | ၆၇၁၁ | ၁၂.၂၁% |
| | | ဦးဂေါ်လူနော်တောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၁၈၁ | ၂၀၀ | ၆၃၈၁ | ၁၁.၆၁% |
